mgyoe.com




# လူငယ်များအတွက် ယဉ်ကျေးမှုအသိလိမ္မာ ဗုဒ္ဓဘာသာသိကောင်းစရာ

စိတ်ကူးချိုချိုစာတည်းအဖွဲ့စုဆောင်းသည်။

mgyoe.com

mgyoe.com

လူငယ်များအတွက်
ယဉ်ကျေးမှုအသိလိမ္မာ
ဗုဒ္ဓဘာသာသိကောင်းစရာ



စိတ်ကူးချိုချိုစာတည်းအဖွဲ့စုဆောင်းသည်။

st0005
1,500.00 KS

mgyoe.com

[illegible]

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၆၄၁၁၁၀၈ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၀၂၆၀၁၀၉ ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို CNK ပြုလုပ်ပြီး ထုတ်ဝေသူ- ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ (၈၅) ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၉ ခု၊ မေလတွင် တန်ဖိုး ၁၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် [illegible]

mgyoe.com

mgyoe.com

# ယဉ်ကျေးမှုအသိလိမ္မာ

## ဗုဒ္ဓဘာသာသိကောင်းစရာ

စိတ်ကူးချိုချိုအယ်ဒီတာအဖွဲ့မှ ပြုစုသည်

မာတိကာ

| | | |
|---|---|---|
| အခန်း (၁) | ဘုရားရှိခိုး | ၁ |
| အခန်း (၂) | စရဏ နှင့် ဗုဒ္ဓ | ၆၁ |
| အခန်း (၃) | ကျင့်ဝတ် | ၉၃ |
| အခန်း (၄) | ပညာ | ၁၂၁ |

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အခန်း (၁)

[နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။]

## ဘုရားရှိခိုး

### ဘုရားပင့်

**မဟာကာရုဏိကော၊ နာထော၊ ဗုဒ္ဓေါ မေ–ဌာတု သီသကေ**

မဟာကာရုဏိကော – လူ နတ် ဗြဟ္မာ သတ္တဝါကို လွန်စွာကြီးမားသနားခြင်း၊ ကရုဏာလည်း ရှိတော်မူထသော၊

နာထော – လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ကောင်းကောင်းကြီး မှီခိုကိုးကွယ် အားထားရာအစစ် ဖြစ်တော်မူထသော၊

ဗုဒ္ဓေါ – ပရမတ်၊ ပညတ်၊ အရပ်ရပ် အလုံးစုံကို အကုန်အစင်သိမြင်တော်မူထသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊

မေ – ခန္ဓာငါးရှိပေါင်းစပ်မိမှ ပေါ်ဘိဒြပ်၊ သူ–ငါဟုသမုတ်အပ်သော ဘုရား တပည့်တော်၏၊

သီသကေ – လေးထွေမှုလ၊ ကာယကိုယ်တွင်အမြတ်တင်သည့် ဉကင်ထိပ်ထက်၌၊

ဌာတု – တပည့်တော်များ ကျိုးကြီးမားရန် စိတ်ရည်သန်ကာ ကြွရောက်တည်နေတော်မူပါ့ မဟာကရုဏာတော်အရှင်ဘုရား။

### ငါးပါးသီလ ဆောက်တည်ပုံ

#### ရတနာသုံးပါး ကန်တော့ခန်း

ဩကာသ, ဩကာသ, ဩကာသ, ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံသုံးပါးတို့တွင် တစ်ပါးပါးသောကံဖြင့် ပြစ်မှားကျူးလွန်မိသည်ရှိသော်၊ ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ၊ ပထမ၊ ဒုတိယ၊ တတိယ၊ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ဘုရား

mgyoe.com

ရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ၊ အလေးအမြတ်၊ လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏အရှင်ဘုရား။

ဆုတောင်းခန်း

ဤသို့ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ရသော ကုသိုလ်ကံစေတနာတို့ကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်းကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏အရှင်ဘုရား။

## ငါးပါးသီလတောင်းရန် ပါဠိ

(အဟံဘန္တေ တိသရဏေနသဟ ပဉ္စ သီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံကတွာ သီလံ ဒေထ မေဘန္တေ)

ဒုတိယမ္ပိအဟံဘန္တေ ...... သီလံဒေထမေဘန္တေ။

တတိယမ္ပိအဟံဘန္တေ ...... သီလံဒေထမေဘန္တေ။

အာမဘန္တေ။

## ဘုရားရှိခိုးရန်

**(နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)**

(သုံးကြိမ်ဆို)

## သရဏဂုံဆောက်တည်ရန်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
" ဓမ္မံ သရဏံ ဂစ္ဆာမိ
" သံဃံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
" ဓမ္မံ သရဏံ ဂစ္ဆာမိ
" သံဃံသရဏံ ဂစ္ဆာမိ

အာမဘန္တေ။

mgyoe.com

mgyoe.com

## ငါးပါးသီလ ဆောက်တည်ရန်

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိ ယာမိ။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိ ယာမိ။

၅။ သုရာမေရ ယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

အာမဘန္တေ။

## ဆွမ်းကပ်

ဘန္တေ–အရှင်ဘုရား၊ အဟံ–တပည့်တော်သည်၊ သံသာရဝဋ္ဋဒုက္ခတော–သံသရာတည်းဟူသော ဝဋ်ဆင်းရဲအပေါင်းတို့မှ၊ မောစနတ္ထာယ–လွတ်မြောက်ပါရခြင်းအကျိုးငှာ၊ အရဟတာ ဒိ နဝဂုဏော ပေတံ– အရဟံ အစ၊ ဘဂဝါအဆုံးရှိသော၊ ကိုးပါးသောဂုဏ်တော်တို့နှင့် သမ္ပန္နာဂတံ–ပြည့်စုံတော်မူ သော၊ နာထံ၊ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ကိုးကွယ်ရာဖြစ်တော်မူသော၊ ဗုဒ္ဓံသက်တော်ထင်ရှား၊ သဗ္ဗညုမြတ်စွာဘုရားကို၊ ဥဒ္ဒိဿ–ရည်မှတ်၍၊ ဝဏ္ဏ၊ ရသသမ္ပန္နာဂတံ၊ အဆင်းအနံ့အရသာနှင့် ပြည့်စုံလှစွာသော (ဣမံ ပိဏ္ဍပါတံ ခါဒနီယံ ဘောဇနီယံ–ဤဆွမ်းခဲဘွယ်ဘောဇဉ်၊ ချိုချဉ်၊ သစ်သီးအရသာတို့ကို)၊ ဒေမိ–ပူဇေမိ ကပ်လှူပူဇော်ပါ၏ အရှင်ဘုရား။

## ရေချမ်းကပ်

(ဣမံ ပါနီယံ–ဤသောက်တော်ရေချမ်းကို) ဒေမိ–ပူဇေမိ၊ ကပ်လှူပူဇော်ပါ၏ အရှင်ဘုရား။

## ဆီမီးကပ်

(ပဘာဝဏ္ဏောဟိ–အရောင်အဆင်းတို့ဖြင့်၊ အန္ဓကာရံ–အမိုက်မှောင်ကို၊ ဝိနဿန္တံ–ပယ်ဖျောက် နိုင်သော၊ ဣမံ ဒီပဇာလံ–ဤဆီမီးလျှံကို) ဒေမိ–ပူဇေမိ၊ ကပ်လှူပူဇော်ပါ၏ အရှင်ဘုရား။

## ပန်းကပ်

(ဝဏ္ဏ၊ ဂန္ဓ၊ သမ္ပန္နံ–အဆင်းအနံ့နှင့် ပြည့်စုံသော၊ ဣဒံပုပ္ဖံ–ဤပန်းကို)၊ ဒေမိ–ပူဇေမိ ကပ် လှူပူဇော်ပါ၏ အရှင်ဘုရား။

mgyoe.com

mgyoe.com

## ဆုတောင်း

ဤမိနာ ပုညကမ္မေန– ဤကောင်းမှုကံကြောင့်၊ မယံ–တပည့်တော်တို့သည်၊ နိဗ္ဗာနသုခံ– နိဗ္ဗာန် ချမ်းသာမြတ်သို့၊ ခိပ္ပံ–လျင်မြန်စွာ၊ ပပ္ပောမ–ရောက်ရပါလို၏။ ဣဒံပုညံ–ဤကောင်းမှုသည် နိဗ္ဗာနံ– နိဗ္ဗာန်သို့၊ ဝဟံ–ရောက်အောင်ရွက်ဆောင်နိုင်သည်၊ ဟောတု–ဖြစ်ပါစေသတည်း။

## ဘုရားဂုဏ်တော် (၉) ပါး ဘုရားရှိခိုး

ဣတိပိသော ဘဂဝါ

(၁) အရဟံ

(၂) သမ္မာသမ္ဗုဒ္ဓေါ

(၃) ဝိဇ္ဇာစရဏ သမ္ပန္နော

(၄) သုဂတော

(၅) လောကဝိဒူ

(၆) အနုတ္တရောပုရိသ ဓမ္မသာရထိ

(၇) သတ္ထာဒေဝ မနုဿာနံ

(၈) ဗုဒ္ဓေါ

(၉) ဘဂဝါ

## တရားဂုဏ်တော် (၆) ပါး

(၁) သွာက္ခာတော ဘဂဝတော ဓမ္မော

(၂) သန္ဒိဋ္ဌိကော

(၃) အကာလိကော

(၄) ဧဟိပဿိကော

(၅) ဩပနေယျိကော

(၆) ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

## သံဃာဂုဏ်တော် (၉) ပါး

(၁) သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော

(၂) ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော

(၃) ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော

(၄) သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော

mgyoe.com

mgyoe.com

(၅) ယဒိဒံ စတ္တာရိ ပုရိသ ယုဂါနိ အဋ္ဌ ပုရိသ ပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော
(၆) အာဟုနေယျော
(၇) ပါဟုနေယျော
(၈) ဒက္ခိနေယျော
(၉) အဉ္ဇလိ ကရဏီယော
(၁၀) အနုတ္တရံ ပုညခေတ္တံ လောကဿ။

## သမ္ဗုဒ္ဓေ ဂါထာတော်

၁။ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ
ဒွါဒသဉ္စ သဟဿကေ
ပဉ္စသတ သဟဿာနိ
နမာမိ သိရသာမဟံ။

၂။ အပ္ပကံ ဝါဠုကံဂင်္ဂါ
အနန္တ နိဗ္ဗုတံဇိနံ
တေသံ ဓမ္မဉ္စ သံဃဉ္စ
အာဒရေန နမာမဟံ။

၃။ နမက္ကာရာ နုဘာဝေန
ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ
အနေက အန္တရာယာပိ
ဝိနာသန္တု အသေသတော။

## ရှစ်ပါးသီလ ဆောက်တည်ပုံ

ရှေးဦးစွာ ရတနာသုံးပါးအား ရှိသေစွာကန်တော့ရမည်။ စာမျက်နှာ (၅) တွင်ဖော်ပြထားသည့် အတိုင်း။

## ရှစ်ပါးသီလ တောင်းခံရန်(ပါဠိ)

(အဟံဘန္တေ တိသရဏေနသဟ အဋ္ဌင်္ဂ၊ သမန္နာဂတံ၊ ဥပေါသထသီလံ၊ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံကတွာ၊ သီလံဒေထ၊ မေဘန္တေ)

**ဒုတိယမ္ပိ** အဟံဘန္တေ ..... မေဘန္တေ။
**တတိယမ္ပိ** အဟံဘန္တေ ..... မေဘန္တေ။

အာမဘန္တေ။

mgyoe.com

## ဘုရားရှိခိုးရန် (ပါဠိ)

[နမောတဿ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ]

(သုံးကြိမ်ဆို)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
〃 ဓမ္မံ သရဏံ ဂစ္ဆာမိ
〃 သံဃံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
〃 ဓမ္မံ သရဏံ ဂစ္ဆာမိ
〃 သံဃံ သရဏံ ဂစ္ဆာမိ

အာမဘန္တေ။

## ရှစ်ပါးသီလ ဆောက်တည်ရန်

၁။ ပါဏာတိပါတာ – ဝေရမဏီ သိက္ခာ ပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ – ဝေရမဏီသိက္ခာ ပဒံ သမာဒိယာမိ။
၃။ အဗြဟ္မစရိယာ – ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ – ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ – ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၆။ ဝိကာလဘောဇနာ – ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
၇။ နစ္စ–ဂီတ–ဝါဒိတ–ဝိသူက–ဒဿန–မာလာ ဂန္ဓ–ဝိလေပန–ဓာရဏ–မဏ္ဍန–ဝိဘူသန ဋ္ဌာနာ– ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
၈။ ဥစ္စာသယန–မဟာသယနာ–ဝေရမဏီ သိက္ခာပဒံသမာဒိယာမိ။

mgyoe.com

mgyee.com



**တည်ခြင်း ၅ ပါး (သို့မဟုတ်) ထိခြင်း –၅ ပါး**

၁။ လက်နှစ်ဖက်နှင့်ကြမ်းနှင့်ထိ၊ ၂–ပါး။

၂။ ဒူးနှစ်ဖက်နှင့်ကြမ်းနှင့်ထိ၊ ၂–ပါး။

၃။ နဖူးနှင့်ကြမ်းနှင့်ထိ၊ ၁–ပါး၊ ပေါင်း ၅–ပါး။

**ဘုရားဝတ်မပြုမီ ပြုကျင့်ရမည့်အချက်များ။**

ဘုရားဝတ်ပြုရှိခိုးခြင်း၊ တရားဘာဝနာ ပွားများအားထုတ်ခြင်းမပြုမီ မိမိ၏ ခြေ၊ လက်၊ မျက်နှာတို့ကိုသန့်စင်အောင် ဆပ်ပြာဖြင့် မျက်နှာသစ်ခြင်း၊ သွားတိုက်ခြင်းများကို ပြုလုပ်ရပါမည်။ သို့မှသာ မိမိ၏စိတ်သည် သန့်ရှင်းကြည်လင်လန်းဆန်းလာမည်ဖြစ်ပါသည်။ ရတနာသုံးပါးဂုဏ်တော်များကို ရွတ်ဆိုရာ၌ သန့်ရှင်းသောကိုယ်၊ စိတ်၊ နှုတ်ဖြင့်ရွတ်ဆိုခြင်းသည်အကောင်းဆုံးဖြစ်ပါသည်။

ညဘက်အိပ်ရာမဝင်မီ ဘုရားဝတ်ပြုရှိခိုးလျှင် ဗုဒ္ဓရုပ်ပွားတော်၏ ကြည်ညိုဖွယ်ရာသိရီဘုန်းတော်ရှေ့မှောက်၌ ပန်း၊ ရေ၊ ဆီမီး၊ နံ့သာအမွှေးစသည်ဖြင့်ပူဇော်ပါ။ နံနက်ခင်းဘုရားဝတ်ပြုလျှင် ဆွမ်း၊ ပန်း၊ ရေ၊ ဆီမီး၊ နံ့သာအမွှေးတို့ဖြင့်ပူဇော်ပါ။

မွန်းမတည့်မီအချိန်အထိ ဆွမ်း၊ သစ်သီး၊ မုန့်စသည်တို့ဖြင့်ပူဇော်ပါ။ မွန်းတည့်ပြီးလျှင် ဆွမ်း၊ သစ်သီး၊ မုန့်စသည်တို့ကိုစွန့်ပါ။



mgyee.com

mgyoe.com

**ဗုဒ္ဓံပူဇေမိ**

ဗုဒ္ဓံ၊ သက်တော်ထင်ရှား၊ သဗ္ဗညုဂေါတမ မြတ်စွာဘုရားကို၊ ပူဇေမိ၊ ပူဇော်ပါ၏ဘုရား (တည်ခြင်းငါးပါးနှင့်အညီ ဦးချပါ)

**ဓမ္မံပူဇေမိ**

ဓမ္မံ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်အမြတ်ထွဋ်ထား ဆယ်ပါးသော တရားတော်မြတ်ကို ပူဇေမိပူဇော်ပါ၏ဘုရား (တည်ခြင်းငါးပါးနှင့်အညီဦးချပါ)

**သံဃံပူဇေမိ**

သံဃံ၊ မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်ဟုဆိုအပ်သော ရှစ်ယောက်သော အရိယာသံဃာတော်အပေါင်းနှင့်တကွ သမ္မုတိသံဃာတော်အရှင်သူမြတ်အပေါင်းတို့အား ပူဇေမိ၊ ပူဇော်ပါ၏ဘုရား (တည်ခြင်းငါးပါးနှင့် အညီဦးချပါ)

ထို့နောက် ဩကာသဖြင့်ကန်တော့၍ သရဏဂုံသုံးပါး၊ ငါးပါး၊ ရှစ်ပါး . . . စသည် မိမိဆောက်တည်လိုသောသီလကို ခံယူဆောက်တည်ပါ။ ကျန်ဝတ်ရွတ်စဉ်များကို မိမိနှစ်သက်ရာရွေးပြီး ရွတ်ဆိုပူဇော်ပါ။

mgyoe.com

mgyoe.com

## လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူသော
## စုနှစ်ခနဲ့ဘုရားရှိခိုး

သုံးလူ့ရှင်ပင်ကျွန့်ထိပ်တင်၊ သောင်းခွင်စကြဝဠာ၊ နတ်ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှု ကြောင့်၊ ရတုနဂို၊ ရွှမ်းရွှမ်းစိုသည့်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ သန္ဓေယူ သည် . . . နတ်လူငြိမ်းဖို့ ကိန်းပါကို။ **(ကြာသပတေး)**

သန္ဓေယူခါ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြုံ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗနီ၌၊ မဟီလှိုက်ဆူ၊ ဖွားတော်မူသည် . . .နတ်လူအောင်မြို့ လမ်းပါကို။ **(သောကြာ)**

ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်၌၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီး လစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည် . . . စုံမြိုင်ပင်ရိပ်ခန်းမှာကို။ **(တနင်္လာ)**

တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တစ်ဖုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင်၊ မငြီးကြည်ဖြူ နေတော် မူလျက်၊ ရန်သူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက်ဘုန်း တော်၊ သောင်းလုံးကျော်သည် သုံးဖော်လူတို့ငြိမ်းပါကို။ **(ဗုဒ္ဓဟူး)**

ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြဝွေဖွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတစ်သောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံ တက်၊ ဓမ္မစက်ကို၊မိန့်မြွက်ထွေပြား၊ဟောဖော်ကြားသည်... တရားနတ်စည်ရွှမ်းတယ်ရှိ။ **(စနေ)**

mgyoe.com

တရားနတ်စည်၊ ဆော်ရွမ်းလည်က၊ သုံးပြည်ဘုံသိုက်၊ တစ်သောင်းတိုက်ဝယ်၊ ကျွတ် ထိုက်သသူ၊ နတ်လူဖြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ စုံပြည့် ကြွယ်က၊ ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊ စံနိုင်းမယုတ်၊ ကုသိနာရုံ၊ အင်ကြင်းစုံ၌ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ စံတော်မူသည် . . . ဝှန်းဆူသောင်းလုံးကျော်တယ်ကို။ (အင်္ဂါ)

နိဗ္ဗူစံပြီး၊ ရှမအီသား၊ သိင်္ဂီရွှေလျော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍၊ ဂဋ္ဌုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊ ဓာတ်တေဇောလျှင်၊ ရှင်စောဉာဏ်စက်၊ မိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော်သည် . . . မွေတော်ရှစ်စိတ်ကြွင်းတယ်ကို။ (တနင်္ဂနွေ)

ထိုခုနစ်နေ့၊ သာချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျက်၊ သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ ကိုယ်တော်ဖျားကို၊ သုံးပါး မွန်စွာ၊ ဝန္ဒနာဖြင့်၊ သဒ္ဓါဖြိုးဖြိုး၊ ကျွန်ရှိခိုးသည် . . . ကောင်း ကျိုးခပ်သိမ်းကြွယ်စေသော်ဝ်။

အဆုံးဘဝ၊ တိုင်ပြန်ကလည်း၊ ပညာ့အရာ၊ အဘိဓမ္မာနှင့်၊ ကြေငြာကျော်ကြား၊ လူအများ ကို၊ တရားစည်ကြီး၊ ခြိမ့်ခြိမ့်တီး၍၊ မီးဆယ့်တစ်တန်၊ ငြိမ်းရာမှန်သည်၊ နိဗ္ဗာန်အောင်မြို့ရောက်စေသော်ဝ် . . . ။

### အနန္တငါးပါး (ပါဠိ)

၁။ ဗုဒ္ဓ ဂုဏော အနန္တော
၂။ ဓမ္မ ဂုဏော အနန္တော
၃။ သံဃ ဂုဏော အနန္တော
၄။ မာတာပိတု ဂုဏော အနန္တော
၅။ အာစရိယ ဂုဏော အနန္တော

ဣမေ ပဥ္စဂုဏံ အဟံဝန္ဒာမိ သဗ္ဗဒါ။

### အနန္တငါးပါး ဘုရားရှိခိုး

၁။ ဗုဒ္ဓဂုဏော၊ အနန္တောဟု၊ ကျော်စောထင်ရှား၊ သုံးပါးရပ်သူ၊ နတ်လူဖြဟ္မာ၊ သတ္တဝါကို၊ ခေမာသာခေါင်၊ နိဗ္ဗာန်သောင်သို့၊ ရွှေဖောင်မဂ္ဂင်၊ သဘော်ယာဉ်ဖြင့်၊ ကယ်တင်ဆောင်ယူ၊ ပို့တော်မူသည်၊ နတ်လူတို့ထိပ်ပန်း၊ ရဟာန်း တို့ဆရာ၊ အစိန္တေယျာ၊ မဟာအမိတ၊ အနန္တဂုဏ်ဝင်၊

mgyoe.com
ကျေးဇူးရှင်ကို၊ အဟံ ကျွန်ုပ်သည်၊ ဝန္ဒာမိ၊ သဒ္ဒါညွတ်ကျိုး၊ လွန်မြတ်နိုးလျက်၊ ရှိခိုးပါ၏ အရှင်ဘုရား။

၂။ ဓမ္မဂုဏော၊ အနန္တောဟု၊ တည်သော ကမ္ဘာ၊ သတ္တဝါလူနတ်၊ အထပ်ထပ်ကို၊ လေးမြတ်ကြင်နာ၊ အဝိဇ္ဇာနှင့်၊ တဏှာသံယော၊ ကိလေတောမှ၊ ဆေးကြောသုတ်သင်၊ မြူမထင်အောင်၊ ရှောင်ကြဉ်ပေတတ်၊ တရားတော်မြတ်ကို၊ အဟံကျွန်ုပ်သည်၊ ဝန္ဒာမိ၊ သဒ္ဒါညွတ်ကျိုး၊ လွန်မြတ်နိုးလျက်၊ ရှိခိုးပါ၏အရှင်ဘုရား။

၃။ သံဃာ့ဂုဏော၊ အနန္တောဟု၊ လောဘဒေါသ၊ မောဟကင်းကွာ၊ တဏှာကာမ၊ ကိလေသနှင့်၊ ရာဂအမိုက်၊ နှစ်ခြိုက်မပျော်၊ မမွေ့လျော်ဘဲ၊ ရှင်တော်ဟောကြား၊ မြတ်တရားကို၊ မှတ်သားကြည်ညို၊ မဂ်ဖိုလ်နိဗ္ဗာန်၊ ရောက်ကြောင်းမှန်သည်၊ မြတ်မွန်ထေရ်ကျော်၊ သံဃာတော်၏ ဂုဏ်တော်ကြီးစွ၊ အနန္တကို၊ အဟံ၊ အကျွန်ုပ်သည်၊ ဝန္ဒာမိ၊ သဒ္ဒါရွှင်မြူး၊ ဂုဏ်ရည်စူးလျက်၊ ကြည်နူးကြည်သာရှိခိုးပါ၏အရှင်ဘုရား။

၄။ မာတာပိတု ဂုဏော၊ အနန္တောဟု၊ အပြောကျယ်စွာ၊ သံသရာဝယ်၊ မာတာပိတု၊ မိနှင့်ဘတို့၊ ရေကြည်ကာလ၊ တည်ဦးစပင်၊ ချို ချဉ် ပူ စပ်၊ ရှင်းရှင်းပြတ်အောင်၊ မပြတ်ယုယ၊ မိဘတို့မှာ၊ စိုးရိမ်စွာဖြင့်၊ အစာဆိမ့်အေး၊ နို့ချို ပေး၍၊ မွေးသည့်မိခင်၊ ကျေးဘခင်ကို၊ အဟံ၊ အကျွန်ုပ်သည်၊ ဝန္ဒာမိ၊ ဂုဏ်တွေရည်စူး၊ စိတ် ကြည်နူးလျက်၊ ရွှင်မြူးသဒ္ဒါ၊ ရှိခိုးပါ၏ အရှင်ဘုရား။

၅။ အာစရိယဂုဏော၊ အနန္တောဟု၊ မိန့်ဟောအရ၊ ကောက်ယူပြသော်၊ နယနည်းနာ၊ အဖြာဖြာကို၊ လိမ္မာစေကြောင်း၊ မေတ္တာလောင်း၍၊ မကောင်းကိုကြဉ်၊ ကောင်းရာယှဉ်လျက်၊ နှုတ်မြွက်သံချို၊ ဆုံးမဆိုသား၊ အဟိုများစွာ၊ သံသရာဝယ်၊ သုံးသွယ်သော ကပ်၊ လေးရပ်အပါယ်၊ ရှစ်သွယ်ရပ်ပြစ်၊ ဆိုးညစ်ယုတ်မာ၊ ပယ်ဖွင့်နှွာ၍၊ ခေမာဘုမ္မိ၊ ဘေးမရှိအောင်၊ နိဗ္ဗာန်သောင်သို့၊ ပို့ဆောင်အရောက်၊ ညွှန်း ထောက်သွန်သင်၊ ပဲ့ပြင်ပေတတ်၊ ဆရာမြတ်ကို၊ အဟံ၊ အကျွန်ုပ်သည် ဝန္ဒာမိ၊ ဂုဏ်တွေရည်စူး၊ စိတ်ကြည်နူးလျက်၊ ရွှင်မြူးသဒ္ဒါ၊ ရှိခိုးပါ၏ အရှင်ဘုရား။

## ငါးပါးသီလ၏ အဓိပ္ပာယ်

### (က) ဩကာသ အဓိပ္ပာယ်

**ဩကာသ** – 'ရှိခိုးကန်တော့ခြင်းကို ခံယူတော်မူပါဘုရား' ဟု ဘုရားထံတွင် ခွင့်တောင်းခြင်းဖြစ်သည်။

### (ခ) ကံသုံးပါး

**(၁) ကာယကံ** – ကာယ –'ကိုယ်ခန္ဓာ'၊ ကံ–ပြုလုပ်ခြင်း၊ ပြစ်မှားခြင်း (ကိုယ်ဖြင့်ပြုလုပ်
mgyoe.com

mgyoe.com
ပြစ်မှားခြင်း)
**(၂) ဝစီကံ** – နှုတ်ဖြင့်ပြောဆိုပြစ်မှားခြင်း။
**(၃) မနောကံ** – စိတ်ဖြင့်ကြံစည်ပြစ်မှားခြင်း။

## (ဂ) ရတနာနှစ်မျိုး

**ရတနာ** – နှစ်သက်မြတ်နိုးအပ်သော အရာကို ရတနာဟုခေါ်သည်။
ရတနာနှစ်မျိုးရှိသည်။ ၎င်းတို့မှာ
(၁) လောကီရတနာ
(၂) လောကုတ္တရာ ရတနာတို့ဖြစ်သည်။
၁။ လောကီရတနာဆိုသည်မှာ
သားရတနာ၊
သမီးရတနာ၊
ဆင်ရတနာ၊
မြင်းရတနာ၊
ရွှေငွေ ရတနာတို့ဖြစ်သည်။
၂။ လောကုတ္တရာ ရတနာဆိုသည်မှာ
(၁) ဘုရားရတနာ
(၂) တရားရတနာ
(၃) သံဃာရတနာ တို့ဖြစ်သည်။

## (ဃ) အပါယ်လေးပါး

အပါယ်လေးပါး ဆိုသည်မှာ
(၁) ငရဲ – ချမ်းသာခြင်း လုံးဝကင်း၍ ဆင်းရဲခြင်း အတိရှိသော ဘုံဌာန။
(၂) တိရစ္ဆာန် – စားခြင်း၊ အိပ်ခြင်း၊ မေထုန် မှီဝဲခြင်းသာသိ၍ မဂ်ဖိုလ်နိဗ္ဗာန်မှ ဖီလာဖြစ်သော သတ္တဝါ။
(၃) ပြိတ္တာ – ရုပ်ဆင်းသဏ္ဍာန် ကြမ်းတမ်းစက်ဆုပ်ဖွယ်ရှိ၍ ချမ်းသာခြင်း ကင်းသောတစ္ဆေ၊ မြေ ဘုတ်စသောသတ္တဝါ။
(၄)အသူရကာယ် – ပြိတ္တာကဲ့သို့သော သတ္တဝါ၊ အသူရကာယ်တွင် ချမ်းသာခြင်း၊ ဂုဏ်သိက္ခာနှင့် ရဲရင့်ခြင်း၊ ရွှင်မြူးခြင်းလုံးဝမရှိ၊ ဆင်းရဲအပြည့်နှင့် ရုပ်ဆင်းအင်္ဂါမလှဆုံးသော သတ္တဝါ။
mgyoe.com

## (င) ငရဲကြီး ရှစ်ထပ်

၁။ သိဥ္စိုင်း ငရဲ
၂။ ကာဠသုတ် ငရဲ
၃။ သံဃာတ ငရဲ
၄။ ရောရုဝ ငရဲ
၅။ မဟာရောရုဝ ငရဲ
၆။ တာပန ငရဲ
၇။ မဟာတာပန ငရဲ
၈။ မဟာအဝီစိ ငရဲ တို့ဖြစ်သည်။

## (စ) ကပ်သုံးပါး

| | | |
|---|---|---|
| (၁) **ဒုဗ္ဘိက္ခန္တရကပ်** | – | အစာငတ်မွတ်ခေါင်းပါးသောကြောင့် သေကြေပျက်စီးခြင်း။ |
| (၂) **သတ္ထန္တရကပ်** | – | လက်နက်မျိုးစုံတို့ဖြင့် သေကြေပျက်စီးခြင်း။ |
| (၃) **ရောဂန္တရကပ်** | – | ရောဂါဝေဒနာ အမျိုးမျိုးဖြစ်ပေါ်ကူးစက် သေကြေပျက်စီးခြင်း။ |

## (ဆ) ရပ်ပြစ်ရှစ်ပါး

အပြစ်ရှိသော အရပ် (၈) မျိုး

| | | |
|---|---|---|
| (၁) **ငရဲ** | – | ချမ်းသာသုခ အလျဉ်းမရှိသောဘုံဌာန။ |
| (၂) **တိရစ္ဆာန်** | – | မဂ်ဖိုလ် နိဗ္ဗာန်သို့ မရောက်နိုင်သောသတ္တဝါ။ |
| (၃) **ပြိတ္တာ** | – | တစ္ဆေ၊ မြေဘုတ် စသော သတ္တဝါ။ |
| (၄) **အသညသတ်** | – | သက်တမ်းအလွန်ရှည်သော အသညသတ် ဗြဟ္မာဘုံ။ |
| (၅) **ပစ္စန္တရာဇ်** | – | ရတနာသုံးပါးမသိ အလွန်ရိုင်းစိုင်းသော အရပ်။ |
| (၆) **မိစ္ဆာဒိဋ္ဌိ** | – | မှားသော အယူ ယူသူ။ |
| (၇) **ဝိကလိန္ဒြိယ** | – | ကိုယ်အင်္ဂါ ဆွံ့၊ အ၊ နားပင်းသူဖြစ်ရခြင်း၊ ပညာမဲ့သူဖြစ်ရခြင်း။ |
| (၈) **ဗုဒ္ဓသုညောတိ ယောတုကော** | – | ဉာဏ်ပညာအလိမ္မာရှိသော်လည်း ဘုရားမပွင့်သောကာလ၌ လူဖြစ်ရခြင်း။ |

mgyoe.com

mgyoe.com

(ဇ)ရန်သူမျိုးငါးပါး

၁။ ရေ
၂။ မီး
၃။ မင်း
၄။ ခိုးသူ
၅။ မချစ်မနှစ်သက်သောသူ တို့ဖြစ်သည်။

(ဈ) ဝိပ္ပတ္တိတရား လေးပါး
**ဖောက်ပြန်ခြင်းတရား လေးပါး**

| | | |
|---|---|---|
| (၁) **ဂတိဝိပ္ပတ္တိ** | – | အပါယ်လေးဘုံ၌ ဖြစ်ရခြင်း။ |
| (၂) **ဥပဓိဝိပ္ပတ္တိ** | – | ရုပ်ဆင်းအင်္ဂါ ချွတ်ယွင်းခြင်း။ |
| (၃) **ကာလဝိပ္ပတ္တိ** | – | မကောင်းသော ခေတ်ကာလနှင့်ကြုံကြိုက်ခြင်း။ |
| (၄) **ပယောဂဝိပ္ပတ္တိ** | – | အကျင့်သီလဖောက်ပြန်ပျက်စီးခြင်း။ |

(ည) ဗျသနတရား ငါးပါး
**ပျက်စီးခြင်းတရား ငါးပါး**

| | | |
|---|---|---|
| (၁) **ဉာတိဗျသန** | – | ဆွေမျိုးများပျက်စီးခြင်း။ |
| (၂) **ဘောဂဗျသန** | – | စည်းစိမ်ဥစ္စာ ပျက်စီးခြင်း။ |
| (၃) **ရောဂဗျသန** | – | ရောဂါအမျိုးမျိုးဖိစီး၍ သေကြေပျက်စီးခြင်း။ |
| (၄) **သီလဗျသန** | – | အကျင့်သီလပျက်စီးခြင်း။ |
| (၅) **ဒိဋ္ဌိဗျသန** | – | မှားသော အယူကိုယူ၍ ပျက်စီးခြင်း။ |
| **မဂ်ဉာဏ်** | – | မဂ္ဂ – ဉာဏ။ |
| **မဂ္ဂ** | – | နိဗ္ဗာန်ကိုရောက်နိုင်သောလမ်း။ |
| **ဉာဏ** | – | သိခြင်း အသိတရား။ |
| **မဂ်ဉာဏ်** | – | နိဗ္ဗာန်ကိုသိမြင်သော ဉာဏ်။ |
| **ဖိုလ်ဉာဏ်** | – | မဂ်တရားကိုသိသော ဉာဏ်။ |
| **နိဗ္ဗာန်** | – | ဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်အေးငြိမ်းရာ အမြိုက်တရားထူး။ |

mgyoe.com

mgyoe.com

## ငါးပါးသီလတောင်း (မြန်မာပြန်)

| | | |
|---|---|---|
| **ဘန္တေ** | – | အရှင်ဘုရား |
| **အဟံ** | – | ဘုရားတပည့်တော်သည် |
| **တိသရဏေန** | – | သရဏဂုံ (၃) ပါးနှင့် |
| **သဟ** | – | တကွ |
| **ပဉ္စသီလံ** | – | ငါးပါးသီလဟုဆိုအပ်သော |
| **ဓမ္မံ** | – | ကျင့်ဝတ်သိက္ခာပုဒ်များကို |
| **ယာစာမိ** | – | တောင်းပန်ပါ၏။ |
| **အနုဂ္ဂဟံ** | – | ချီးမြှောက်ခြင်းကို |
| **ကတွာ** | – | ပြု၍ |
| **သီလံ** | – | ငါးပါးသီလတော်မြတ်ကို |
| **မေ** | – | ဘုရားတပည့်တော်အား |
| **ဒေထ** | – | ပေးသနားတော်မူပါ |
| **ဘန္တေ** | – | အရှင်ဘုရား။ |

mgyoe.com

mgyoe.com

## ရွှေတောင်မြို့
## ကျိုးသဲလေးထပ်ဆရာတော်ဘုရားကြီး
## ရေးသားစီရင်တော်မူသော 'ပကိဏ္ဏက နမက္ကာရ အစိန္တေယျ ဘုရားရှိခိုးကြီး'
## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၁) အစိန္တေယျ၊ အပ္ပမေယျ၊ သေဋ္ဌဇေဋ္ဌ၊ အတုလပရမံ၊ အရဟံဘဂဝါ၊ သမ္မာသမ္ဗုဒ္ဓ၊ အနုတ္တရ မာရဇိ၊ တိလောကန္တဂူ၊ သယမ္ဘူဉာဏဝိဿရ၊ ဤသို့စသား၊ အသင်္ချေယျ၊ နာမတံဆိပ်၊ ဂုဏ်ဝိသိဋ္ဌဖြင့်၊ ဇမ္ဗူဒိပ်မှတက်၍ ဘဝဂ်တိုင်ကြေညာလျက်၊ ကာမရူပ၊ အရူပဟု၊ သြကာသသုံးရပ်၊ လောကဓာတ်၌ အမြတ်ထက်အမြတ်၊ သမိုက်အပ်သော၊ လူနတ်ဗြဟ္မာ၊ မဟာကဝိန်၊ သုခမိန်တို့သည်၊ ပညိန္ဒြေရှိ တိုင်းဖြင့်၊ ခြားပိုင်း တွက်ကျုံး၍၊ မဆုံးမကုန်နိုင်၊ မကြံစည်နိုင်၊ မအံ့သြနိုင်၊ ပြည့်လှိုင်ထွေပြား၊ များပြားကျယ်ဝန်းသော၊ ကျေးဇူးတော်အပုံ၊ ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူပေထသော၊

(၂) အမျိုးဖြင့် မြတ်သောသူ၊ ဘုန်းဖြင့် မြတ်သောသူ၊ ဂုဏ်ဖြင့်မြတ်သောသူတို့သည်၊ မာန်မူ ဖက်ပြိုင်ခြင်းငှာမထိုက်၊ မကိုင်ငြမင်္ဂလာ၊ ဤကမ္ဘာ၌၊ ပထမာဒိက၊ ဘူမိပါလ၊ အာဒိစ္စဂိုဏ်း၊ တိုင်းပြုပြည်ပြု၊ သမ္မုတိဒေဝရာဇ်၊ နေနွယ်ဖြစ်၍၊ စင်စစ်အမျိုးတော်အားဖြင့်မြတ်သော ဇာတိမဟတ္တဂုဏ်၊ သုံးဘုံရပ်လုံး၊ ညွတ်ရုံးကော်ရော်၊ ပူဇော်ဦးညွတ်ရာဖြစ်၍ စင်စစ်ဘုန်းတော်အားဖြင့် လွန်မြတ်သော ပုညမဟတ္တဂုဏ်၊ ဝသုန်သေလာ၊ အဏ္ဏဝါကို၊ မြူလွှာပြုလျက်၊ နှိုင်းတုစက်လည်း၊ ကျေးဇူးနက်တိုင်း၊ မကုန်နိုင်သည်ဖြစ်၍ စင်စစ်ဂုဏ်တော်အားဖြင့် မြတ်သောဂုဏမဟတ္တဂုဏ်၊ ဤသုံးစုံကြောင့်၊ လူ့ဘုံနတ်ဌာန်၊ ပြိုင်စံယှဉ်ဖော်၊ မပေါ်မပြု၊ တစ်ဆူတည်းသော အပ္ပဋိပုဂ္ဂိုလ်ဖြစ်တော်မူထသော၊

(၃) ဇမ္ဗူ့ကျက်သရေ၊ ချက်ဗွေဘူမိ၊ အပရာဇိခရိုင်၊ ညောင်မဏ္ဍိုင်ကို၊ စိုးပိုင်တော်မူအံ့သော ကာလ၌၊ ကာမလောကဓာတ်၊ ခုနစ်ရပ်လုံး၊ ဆတ်ဆတ်လှိုက်ခုန်၊ တုန်ဘနန်းမျှ၊ သန်းအကုဋေ၊ နတ်ဗိုလ်ခြေနှင့်၊ မိုးမြေကြည်းဟည်း၊ ပွဲတင်ဟည်းအောင်၊ ဖျက်ဆီးလှယက်လာသော၊

mgyoe.com

မေခလာဂီရိ၊ တောင်တရိုမျှ၊ ပြောင်ကြီးသေဌ်နင်း၊ မာရ်နတ်မင်းကို၊ ဖြည့်တင်းတော်မူခဲ့သော ပါရမီဉာဏ်၊ ကံသမ္ဘာရှိန်၊ ဝရဇိန်လျှံပြောင်၊ ရွှေဘုန်းရောင်ဖြင့်၊ မှောင်မဝင်ခင်၊ အောင်မြင်တော်မူစေ၍ ကိလေသာစက်၊ သုံးထောင်ဝက်ကို၊ ဖြိုဖျက်တိုက်လှန်ခြင်းငှာ၊ အာနာပါန၊ ဘာဝနာဖြင့်၊ ရူပါဝစရ၊ အရူပါဝစရ၊ စတုတ္ထသမာပတ်တို့ကို၊ အာဝဇ္ဇနဝသီ၊ သမာပဇ္ဇနဝသီ၊ ပစ္စဝေက္ခဏဝသီ၊ အဓိဋ္ဌာနဝသီ၊ ဝုဋ္ဌာနဝသီတည်းဟူသောဝသီဘော်ငါးတန်ဖြင့် အဖန်ဖန်လေ့လာတော်မူပြီးလျှင် ရှေးတီးကာလ၊ ဘဝရှည်ကျူး၊ ဖြစ်ဖူးသမျှ ဒေသရပ်ရွာ၊ ခန္ဓာပင်စည်၊ အမည်အမျိုးစသော ပရမတ်၊ ပညတ်တို့ကို၊ တပ်အပ်သိနိုင်စွမ်းသော ပုဗ္ဗေနိဝါသဉာဏ်၊ သုံးတန်ဘုံသား၊ အများသတ္တ၊ ဝေနေယျတို့၏ ကမ္မဂတိ၊ စုတိပဋိသန်၊ လားရန်ဌာနနှင့်တကွ၊ ဒူရပဋိစ္ဆန္န၊ သဏှသုခုမဖြစ်သော ရူပါရုံကို၊ အကုန်မြင်နိုင်စွမ်းသော ဒိဗ္ဗစက္ခုဉာဏ်၊ လေးတန်သြဃ၊ အာသဝနှင့်ယောဂဂန္ထာ၊ လေးဖြာ ဥပါဒါန်၊ ခြောက်တန်နီဝရဏ၊ အနုသယခုနစ်အင်၊ သံယောဇဉ်ဆယ်တန်၊ ခြံရံလျက်သား၊ များစွာသော အကုသိုလ်၊ ဗိုလ်ခြေကွပ်ကဲ၊ သူရဲကိလေသာ၊ ထောင့်ငါးရာတို့ကို စင်စွာပယ်ဖြတ်၊ အလွန်မြတ်သော ကြောင့်၊အရဟတ္တမဂ်၊ အမည်ရသော အာသဝက္ခယဉာဏ်။ ဤသုံးတန်သော ဝိဇ္ဇာ၊ ခွဲစိတ်ဖြာသော်၊ ဝိဇ္ဇာရှစ်ပါးနှင့်၊ ပြည့်စုံတော်မူသဖြင့်၊ သယမ္ဘူအထွတ်၊ လူတမွတ်ဟု မချွတ် သမိုက်အပ်ထသော

(၄) ပစ္စေကဗုဒ္ဓေါ၊ ရဟန္တာဟူသမျှတို့၊ ရခြင်းငှာမထိုက်၊ သုံးတိုက်ဘုံသား၊ အများသတ္တ၊ ဝေနေယျပုဂ္ဂိုလ်တို့၏ အလိုဆန္ဒ၊ အာသယကိန်းဟန်ကို၊ ဧကန်သိမြင်နိုင်သော အာသယာနုသယ ဉာဏ်၊ ဣန္ဒြေရင့်မရင့်ကို၊ ထောက်ချင့်သိနိုင်စွမ်းသော ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်။ ပရမတ်ပညတ်၊ အရပ်ရပ်လုံးစုံကို အကုန်အစင်သိမြင်နိုင်သော သဗ္ဗညုတဉာဏ်၊ သင်္ခါရ၊ ဝိကာရ၊ လက္ခဏ၊ နိဗ္ဗာန်၊ ပညတ်တည်းဟူသော ဉေယျငါးအင်ကို၊ သိမြင်တော်မူရာ၌ ဆီးကာပိတ်ပင်ခြင်းမရှိသော အနာဝရဏဉာဏ်။ ယမိုက်ပြာဋိဟာ၊ လွတ်ခြင်းအရာ၌ လေ့လာတော်မူနိုင်သော ယမကပါဋိဟာရိယဉာဏ်။ သနားထိုက်လှစွာသောဝေနေယျသတ္တဝါကို လွန်စွာသနားတော်မူသော မဟာကရုဏာ သမာပတ္တိဉာဏ်။ ဤခြောက်တန်သော ဆအသာဓာရဏ၊ ဉာဏလျှံပြောင်၊ မြတ်တန်ဆောင်ကို၊ ညှိထောင်ထွန်းစိုက်တော်မူသည်ဖြစ်၍၊ ဝေးနီးစကြဝဠာ၊ သမန္တာရပ်၊ လောကဓာတ်တို့ကို၊ ထုတ်ခတ်ထင်ထင်၊ ရှုမြင်တော်မူနိုင်သော ပသာဒစက္ခု၊ ဉာဏစက္ခု၊ ဒိဗ္ဗစက္ခု၊ ဗုဒ္ဓ စက္ခု၊ သမန္တစက္ခုတည်းဟူသော မျက်စိတော် ငါးလုံးဖြင့်အဆုံးမဲ့ မြင်တော်မူပြီးထသော၊

(၅) ပလ္လင်အနိမိသ၊စင်္ကမမှသည်၊ စတုတ္ထ သတ္တာဟဝယ်၊ ရတနာရွှေအိမ်၊ ချမ်းရိပ်ငြိမ်၌၊ မွေ့သိမ်စံပယ်တော်မူကာ၊ အဘိဓမ္မာခုနစ်ကျမ်းတွင်၊ ပဋ္ဌာန်းဒေသနာကို၊ လေ့လာဆင်ခြင်တော်မူသော၊ အာနုဘော်တော်ကြောင့်၊ အသွေးတော် အသားတော်၊ အရိုးတော်စု၊ ဝတ္ထုပသာဒိန္ဒြေအလုံးမှ၊ ပြိုးပြိုးပြက်၊ ရိုးရိုးရက် တောက်ပလျက်၊ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊

mgyoe.com

မဥ္ဇူသြ၊ ပဘာဿရာ၊ မိလ္လာရည်လို၊ ဖိတ်ဖိတ်ယိုမျှ၊ ညို သောရောင်ခြည်တော်။ ဖဲကတ္တီပါ၊ ဂီဝါလျှပ်ပြေ၊ ရွှန်းရွှန်းဝေမျှ၊ ရွှေသောရောင်ခြည်တော်။ ကသစ်ခေါင်ရန်း၊ ပန်းကြက်မောက်ပီ၊ တွေးတွေးချိမျှ၊ နီသောရောင်ခြည်တော်။ သာခွာဘော်ကြူ၊ ဖွေးဖွေးလူသကဲ့သို့၊ ဖြူသောရောင်ခြည်တော်။ ပြာလွှံ့ညိုလွှံ့၊ ခိုလွှံ့စုပေါင်း၊ ရှုမညောင်းမျှ၊ မောင်းသောရောင်ခြည်တော်။ ထွန်းပေါ်ဝင်းဝင်း၊ ထိန်လင်းစက်စက်၊ လျှပ်စစ်လက်သကဲ့သို့၊ ပြိုးပြိုးပြက်သော ရောင်ခြည်တော်တည်းဟူသော ရောင်ခြည်တော်ခြောက်ဆိုင်ကို တစ်ပြိုင်တည်းကွန့်မြူးစေလျက်၊ လ–နေအတိ၊ လျှံငြိပြောင် ပြောင်၊ ဗိမာန်ရောင်နှင့်၊ သောင်း ထောင်စကြဝဠာ၊ ထွန်းလင်းဖြာသော ဗြဟ္မာကြီးတို့၏ကိုယ်ရောင်ကိုလျက်၊ နှိပ်စက်လွှမ်းမိုးနိုင်သော ကိုယ်တော်ရောင်တို့ဖြင့်၊ အထောင်အသောင်းသော လောကဓာတ်ကို၊ တလျှပ်လျှပ်ထွန်းလင်းတော်မူပြီးထသော၊

(၆) ပရိဗိုဇ်တက္ကတွန်း၊ ရဟန်းရသေ့၊ မုနေ့အရည်း၊ ဦးပြည်းတပသီ၊ ဗေရာဂီတို့၏၊ ဝါဒီအလိုက်၊ စရိုက်ဘာဝ၊ ကျင့်ဆောင်ကြသော၊ သာသနာ့ဗာဟိ၊ လောကီသီလတို့ထက်၊ ဆထက် ထောင်ရာ၊ သာလွန်ဘိသဖြင့်၊ အဓိသီလဟု သမုတ်အပ်သော၊ အာပတ်ခုနစ်ပုံကို၊ လုံခြုံစွာစောင့်ကြောင်းဖြစ်သော ပါတိမောက္ခသံဝရသီလ။ ဣန္ဒြေခြောက်ပါးကို၊ တားမြစ်ပိတ်ပင်ကြောင်းဖြစ်သော ဣန္ဒြိယသံဝရသီလ။ မိစ္ဆာဇီဝမှကြဉ်ခွာလျက် စင်ကြယ်စွာ အသက်မွေးကျောင်းဖြစ်သော အာဇီဝပါရိသုဒ္ဓိသီလ။ ပစ္စည်းလေးဖြာကို၊ ပစ္စဝေက္ခဏာတင်၍ ဆင်ခြင်သုံးသပ်ခြင်းတည်းဟူသော ပစ္စယသန္နိဿိတသီလ။ ဤလေးဝသော စတုပါရိ၊ သုဒ္ဓိတံခွန်၊ အလွန်ဖြူစင်၊ မြူမတင်ခြင်းဟူသော သီလဝိသုဒ္ဓိ။ မဟဂ္ဂုတ်လောကုတ္တရာစျာန်၊ မြဲမြဲစွာလေ့လာခြင်းတည်းဟူသော စိတ္တဝိသုဒ္ဓိ။ ခြောက်ဆယ့်နှစ်ဖြာသော၊ မိစ္ဆာဝါဒီ၊ ဝိတဏ္ဍီညစ်ကြေးမှကင်းဝေးဖြူစင်လျက်၊ အယူ၏စင်ကြယ်ခြင်းတည်းဟူသော ဒိဋ္ဌိဝိသုဒ္ဓိ။ တစ်ဆယ့်ခြောက်ပါးသော ယုံမှားသင်္ကာကို၊ ဖြတ်ခွာလွန်မြောက်နိုင်သော ဉာဏ်၏စင်ကြယ်ခြင်းတည်းဟူသော ကင်္ခါဝိတရဏ ဝိသုဒ္ဓိ။ မဂ်ဟုတ်သည်မဟုတ်သည်ကိုမြင်နိုင်သောဉာဏ်၏စင်ကြယ်ခြင်းတည်းသော မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။မဂ်သို့ရောက်ကြောင်း၊ အကျင့်ကောင်းကိုမြင်နိုင်သော၊ ဉာဏ်၏စင်ကြယ်ခြင်းတည်းဟူသော ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ။ မဂ်လေးရပ်နှင့် သဟဇာတ်သမ္ပယုတ် ဖြစ်၍ သစ္စာလေးတန်ကိုဆယ့်ခြောက်နက် ဝေဖန်ပြီး ဇကန်သိမြင်နိုင်သော ဉာဏဒဿနဝိသုဒ္ဓိ တည်းဟူသော ဝိသုဒ္ဓိခုနစ်ပါး၊ တရားဘွဲ့ဖြူ၊ သရဖူမကိုဋ်၊ ဦးစိုက်မင်္ဂလာ၊ မြတ်တန်ဆာကို၊ တင့်တယ်စွာဆင်ယင်လျက်၊ တဒင်္ဂဝိမုတ္တိ၊ ဝိက္ခမ္ဘနဝိမုတ္တိ၊ သမုစ္ဆေဒဝိမုတ္တိ၊ ပဋိပဿမ္ဘန ဝိမုတ္တိ၊ နိဿရဏ ဝိမုတ္တိတည်းဟူသော ဝိမုတ္တိ ငါးရပ်၊ တရားမြတ်ကြောင့်၊ လောကဓာတ် အလုံး၊ ညွတ်ကျိုးပူဇော်ရာ၊ အာဂါရမုနိ၊ အနာဂါရမုနိ၊ သေက္ခမုနိ၊ အသေက္ခမုနိ၊ ပစ္စေကမုနိတို့ထက်၊ ကဲတက်လွန်မြတ်စွာ၊ မုနိန္ဒာဘိပဝရ၊ အတုလမုနိလည်းဖြစ်တော်မူထသော၊

mgyoe.com

mgyoe.com

(၇) သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်၊ တင့်တယ်ယိုဖိတ်၊ အင်္ဂါတော်အစိတ်ကို၊ လင်္ကာရိပ်ပြရာ၌၊ နားပန်တော်အစုံနှစ်ဖက်မှသည်၊ နဖူးတော်ဆံစသို့၊ ယှက်ကူးကာတောက်ပသောဥဏှီသ သင်းကျစ်တော် တစ်ဖြာ၊ နာရကာရွှေစင်၊ နဖူးတော်အပြင်၌ ၊ စို့သက်တုံ့အသွင်ဖြင့်၊ ကော့ညွတ်ပျော့ပေါ်လွင်သည့် နှစ်ဖက်သောမျက်မှောင်တော်တစ်တန်၊ ပဘံကရမျက်မှောင်တော်အစမှာ၊ လောမထူးထွေ၊ ညာရစ်ခွေဖြင့်၊ ငွေရောင်ခြည်သဏ္ဌာန်၊ တစ်လံဝက်လောက်၊ ဝန်း၍တောက်သော၊ ဥဏ္ဏာလုံမွေးရှင်။ ပိတုန်းရောင်သွင်၊ မည်းမှောင်လွင်သဖြင့်၊ ကျောက်နဝရတ်သဖွယ်၊ သောက်ရှုးကြယ်တစ်ဝ ရှုကြည့်တိုင်း တောက်ပသော၊ မံသ စက္ခုတော်နှစ်ဖြာ။ ပြယိုးယားပွင့်၊ ရွှေပန်းဆိုင်းဆင့်သကဲ့သို့၊ မမြင့်မမောက်၊ မကောက်မချွန်၊ အလွန်ရှုချင်ဖွယ်ရာသော၊ နှာတံ နှာသီးတော်မြတ်။ လျောက်ပတ်သားနား၊ ကွန့်ကွန့်လျားသော၊ ပါးတော်မြတ်နှစ်သွယ်။ ပုလဲရတနာ၊ သာခွာဘော်ကြူ ဖွေးဖွေးလူလျက်၊ ဖြူစင်ကြယ်လှစွာသော သွားတော်မြတ်လေးဆယ်၊ စွယ်တော်မြတ်လေးဆူနှင့်တကွ၊ ပြန့်ပြန့်ညီညာ၊ နီလှစွာသော၊ လျှာတော်မြတ်စသည့် ကိုယ်အင်္ဂါတော်အစိတ်ဖြင့်၊ ယိုဖိတ်ယှက်သန်းလျက်၊ ချီးမွမ်းအံ့သြ၊ ပြောပ၍မပြီးနိုင်သဖြင့်၊ အလွန်အကျူး၊ အထူးသပ္ပာယ်တော်မူထသော၊

(၈) ကာမဘဝ၊ ဒိဋ္ဌိဝိဇ္ဇော၊ သြဃလေးဖြာ၊ သံသရာစက်၊ ဝဲဂယက်၌၊ တဝဲလည်လည်၊ မတည်မရပ်၊ ချာချာပတ်လျက်၊ ရဟတ်ဆုံနွား၊ ကဲ့အလားသို့၊ မျောပါးရှည်ကြာ၊ ဝေနေယျာတို့ကို၊ အဏ္ဏဝါဂယက်၊ သြဃနက်မှ၊ ညာလက်ဆွဲငင်၊ ကယ်တင်တော်မူခြင်းငှာ၊ ပဋ္ဌတာလီ၊ ဝါဝဿိဝယ်၊ နာရီမလစ်၊ မဂ်ဆီညှစ်၍၊ ဖွင့်လှစ်ဟောပြ၊ ဆုံးမတော်မူရာ၊ ဒေသနာတော်သည်၊ ဝိနယသုတ္တန် ဘိဓမ္မဟု သုံးတန်ပြားလာ၊ သာသနာတော်နည်းအားဖြင့်လည်းသုံးရပ်၊ ကထာနည်းအားဖြင့်လည်း သုံးရပ်၊ အာဏာဝေါဟာ ပရမတ္ထာဟူ၍လည်း သုံးရပ်၊ ဤသို့အားဖြင့် သုံးတန်အပြား၊ ပိဋကတ်ဒေသနာတော်သုံးပါးတို့ကို ဟောကြားမြွက်ဟ၊ ဆုံးမတော်မူသည်၏ အဖြစ်ကြောင့်၊ လူနတ်တို့၏ ဆရာအစစ်လည်းဖြစ်တော်မူထသော၊

(၉) ခပ်သိမ်းသော တရားအပေါင်းကို၊ မိမိအလိုလို၊ ကိုယ်တော်တိုင်သာလျှင်၊ ကောင်းစွာထင်ထင်၊ သိမြင်တော်မူသည်ဖြစ်၍၊ မျှားဖျင်သတ္တဝါ၊ ဝေနေယျာကို၊ ခေမာအောင်မြို့၊ ကူးစေဖို့ငှာ၊ ဒေသနာရေအေး၊ နိဗ္ဗာန်တည်းဟူသောအမြိုက်ဆေးကို၊ တိုက်ကျွေးဖျန်းဆွတ်တော်မူသည်၏ အဖြစ်ကြောင့်၊ လောကသုံးရပ်၊ ဘုံသုံးထပ်၌ ယှဉ်ကပ်သော်လည်းမနိုင်၊ ပြိုင်သော်လည်း မတူ၊ တစ်ဆူတည်းသာလျှင် ဖြစ်တော်မူထသော၊

(၁၀) ဤ မဟာဘဒ္ဒ၊ ကမ္ဘာမ၌၊ ကကုသန္ဓော၊ ကောဏာဂမန၊ ကဿပဟု၊ လောကထွတ်

mgyoe.com

mgyoe.com

ထား၊ ဘုရားသုံးဆူ၊ သယမ္ဘူတို့၊ ထီးဖြူ အရဟတ္တဖိုလ်၊ ရိပ်ခိုနန်းမြင့်၊ သုံးကြိမ်ဆင့်၍ ပွင့်တော်မူကြကုန်ပြီးသည့်နောက်၊ လေးဆင့် မြောက်အကျ၊ စတုတ္ထအောင်ပွဲတွင် ဧဒ ယျငါးအင်၊ ကုန်စင်သိမှု၊ သမန္တစက္ခု၊ သဗ္ဗညုတ၊ ဉာဏခိုင်းဖြီး၊ ဉာဏ်တော်ကြီးကိုး၊ ပိုင်စီးလက်ရောက်၊ ဆက်ကာ လျှောက်၍၊ ပွင့်မြောက်တော်မူသည်၏ အဖြစ်ကြောင့်၊ ဗြဟ္မာနတ်လူ၊ သုံးဘုံသူကို ကြည်ဖြူမေတ္တာ၊ ကရုဏာဖြင့် သာယာစွာဆုံးမ၊ ဟောပြတော်မူသည်လည်းဖြစ်တော်မူထသော၊

(၁၁) ဒီပင်္ကရာ၊ ထွတ်ချာမှန်ကင်း၊ သုံးလူ့မင်း၏၊ ခြေရင်းတော်အောက်၊ ဝပ်စင်းမှောက် လျက်၊ နိယတဗျာဒိတ်ပန်းကို၊ ဆွတ်လှမ်းခံယူတော်မူစဉ်ကပင်၊ သာဝကဉာဏ်၊ ပါရမီသာမန်ဖြင့်၊ နိဗ္ဗာန်သို့ကူးယူလျှင်၊ ရလောက်တော်မူပါလျက်၊ တစ်ယောက်တည်း ငါတစ်မူ၊ နိဗ္ဗာန်ကို ယူချေလျှင်၊ ဘယ်တွင် အကျိုးမရှိချေ၊ သမ္ဗောဓိမှန်၊ သဗ္ဗညုရွှေဉာဏ်ကို၊ သွေမလှန်ငါရမှ၊ တရား မြတ်ဖောင်စကြာဖြင့်၊ သတ္တဝါဝေနေကို၊ သံသရာဝဲဂယက်မှ၊ နိဗ္ဗာန်မည်သော၊ ကျွန်းခေမာသို့ တင် ဆောင်ကာ ပို့မည်ဟု၊ တိဏ္ဏောတာရေယျံ၊ ဗုဒ္ဓေါဗောဓေယျံ၊ မုတ္တောမောစေယျံ၊ သုံးခွန်းသော ဝစနံကို၊ ရွှေနှုတ်တော်လှစ်ဖွင့်၍၊ ကျူးရင့်တော်မူခဲ့ပြီးသည့်နောက်၊ လေးအသင်္ချေ၊ လွန်လေကုန် မြောက်၊ ကမ္ဘာတစ်သိန်းအလွန်သို့ ရောက်အောင်၊ လူသာမန်ပုဂ္ဂိုလ်တို့၊ အလွန်တရာဖြည့်ကျင့် ရှာမှီးနိုင်ခဲသော၊ ပါရမီဆယ်ပါး၊ စွန့်ခြင်းကြီးငါးပါးစသော သမ္မာသမ္ဗောဓိ အဖြစ်တည်းဟူသော ဆုကြီးကို ရှာမှီးတော်မူပြီးထသော၊

(၁၂) ဂင်္ဂါဝါဠု၊ သဲစုမြူပြာန်၊ ပမာတန်ကဲ့သို့၊ အနန္တဂူ၊ နိဗ္ဗာန်ယူကုန်သော၊ ဆူဆူမြတ်စွာ၊ စောသတ္တာတို့၏၊ သွားရာလမ်းကြောင်း၊ စရိုက်ကောင်းမူလဖြစ်သော၊ သီလသံဝရ၊ ဣန္ဒြိယသံဝရ၊ ဘောဇနေမတ္တာ ညုတာ၊ ဇာဂရိယာနုဘောဂ၊ သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဗာဟုသစ္စ၊ ဝီရိယ၊ ပညာ၊ လေးဖြာရှန်တည်း ဟူသော စရဏတရား တစ်ဆယ့်ငါးပါးတို့ကို အားသစ် ကျင့် ဆောင်တော်မူသဖြင့် သယမ္ဘူတကာ၊ ပြည့်စုံရာသား၊ နာနာကုလတို့၏၊ ဝေါဟာရ သဒ္ဒါအနက်ကို၊ အချက်ကျသိနိုင်သော အတ္ထပဋိ သမ္ဘိဒါ။ ဝါစာဂီရတ်၊ နှုတ်သံလွှတ်က၊ ဇာတ်တူတူ မတူတူ၊ ဘာသာဟူသမျှတို့ကို၊ ဇကန္တသိနိုင်သော ဓမ္မပဋိသမ္ဘိဒါ။ တစ်ခုတစ်ခုသော ပုဒ်အက္ခရာကို၊ သဒ္ဒါ၏ အလို၊ ဝိဂြိုဟ်၊ ဝစနတ်၊ ဓာတ်၊ ပစ္စည်း၊ လိင်အန်ဖြင့်၊ ဝေဖန်၍သိနိုင်သော နိရုတ္တိပဋိသမ္ဘိဒါ။ ကိုယ်တိုင်သိမျှတရားတို့ကို၊ သူတစ်ပါးသိစိမ့်သောငှာ၊ သဒ္ဒါပညတ်သို့တင်၍ စုံလင်စွာမြွက် ဆိုတတ်သောပဋိဘာနပဋိသမ္ဘိဒါတည်း ဟူသော သမ္ဘိဒါလေးပါး။ ဣဒ္ဓိဝိဓ၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသာ နုဿတိ၊ ယထာကမ္မူပဂ၊ အနာဂတံသတည်းဟူသော အဘိညာဉ် ခုနစ်ပါး၊ ရူပဈာန်လေးရပ်၊အရူပဈာန် လေးရပ်အားဖြင့်၊ သမာပတ်ရှစ်ပါး။ ကျေးဇူးတော်တစ်ဆယ့် ရှစ်ပါး။ ထူးပြားဆန်းကြယ်၊ အံ့ဖွယ်တော်တစ်ဆယ့်ရှစ်စုံ။ ထိုမျှဂုဏ်ကို ဥသုံစိုးပိုင်တော်မူပြီးထသော

mgyoe.com

(၁၃) ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရမာရ်၊ ဤငါးတန် တို့ကိုတိုက်လှန်ဖြိုခွဲ၍၊ အောင်ပွဲယူနိုင်၊ ရဲခေါင်တိုင်သော၊ ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်၊ စိတ္တာ နုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်တည်းဟူသော သတိပဋ္ဌာန်လေးပါး။ ဖြစ်ပြီးသောအကုသိုလ်တရားတို့ကိုပယ်ခြင်း၊ မဖြစ်သေးသော အကုသိုလ်ကံတို့ကို တစ်ဖန်အသစ်မဖြစ်စေခြင်း၊ မဖြစ်သေးသောကုသိုလ်တရား တို့ကိုဖြစ်ပွားအောင် လုံ့လပြုခြင်း၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကိုကြီးပွားအောင် စည်ပင်စိမ့်သောငှာ လွန်စွာလုံ့လ ပြုခြင်းတည်းဟူသော သမ္မပ္ပဓာန်လေးပါး။ ဆန္ဒိဒ္ဓိပါဒ်၊ ဝီရိယိဒ္ဓိပါဒ်၊ စိတ္တိဒ္ဓိပါဒ်၊ ဝီမံသိဒ္ဓိပါဒ်တည်း ဟူသောဣဒ္ဓိပါဒ်လေးပါး။ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ တည်းဟူသော ဣန္ဒြေငါးပါး။ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်တည်း ဟူသော ဗိုလ်ငါးပါး။ သတိ သမ္ဗောဇ္ဈင်၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်၊ ဝီရိယ သမ္ဗောဇ္ဈင်၊ ပီတိ သမ္ဗောဇ္ဈင်၊ ပဿဒ္ဓိ သမ္ဗောဇ္ဈင်၊ သမာဓိ သမ္ဗောဇ္ဈင်၊ ဥပေက္ခာ သမ္ဗောဇ္ဈင်တည်းဟူသော ဗောဇ္ဈင် ခုနစ်ပါး။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိတည်းဟူသော မဂ္ဂင်ရှစ်ပါး။ ဤသို့အားဖြင့် ပိုင်းခြားတွက်ဖွဲ့၊ သုံးဆယ့်ခုနစ်ရပ်၊ အလွန်မြတ် သော၊ ဗောဓိပက္ခိယ၊ ဓမ္မအကျော်၊ ရဲမက်တော်တို့ကို၊ ကိုယ်ရံတော်ကြီး၊ ဦးစီးဗိုလ်ချုပ်တင် လျက်၊ အသချေးချေ၊ တွက်ရေမဆုံး၊ ပတ်ကုံးကိလေသာ၊ မာရ်ဗိုလ်ပါတို့ကို၊ ဆံလွှာမကြွင်းအောင်၊ ခုတ်စဉ်းတိုက်သိမ်း၊ အငြိမ်းအောင်မြင်တော်မူသဖြင့်၊ အသခ်တ၊ ခေမရွှေဘုံ၊ ဓမ္မာရုံသဘင်၊ မြိုက်နန်းခွင်၌၊ ဥကင်စွင့်စွင့်၊ ဖွင့်တော်မူပြီးထသော၊

(၁၄) လေးအသင်္ချေ၊ လွန်လေတစ်သိန်း၊ တွက်ကိန်းများလှ၊ ကပ်ထိုမျှ၌၊ လုံ့လကြိုးပမ်း၊ ဖြည့်စွမ်းဆည်းပူးတော်မူခဲ့သော၊ ဒါန ပါရမီ၊ သီလ ပါရမီ၊ နိက္ခမ ပါရမီ၊ ပညာ ပါရမီ၊ ဝီရိယ ပါရမီ၊ ခန္တီ ပါရမီ၊ သစ္စာ ပါရမီ၊ မေတ္တာပါရမီ၊ အဓိဋ္ဌာန် ပါရမီ၊ လူ့ဘုံစံပျော်၊ အလောင်းတော် ဖြစ်ခါစပင်၊ ကာဠုဒါဝက၊ ဂဏ်ေယျနှင့်၊ ပဏ္ဍရ၊ တမ္ဗ၊ ပိင်္ဂလ၊ ဂန္ဓ၊ မင်္ဂလ၊ ဟေမ၊ ဥပေါသထ၊ ဆဒ္ဒန်၊ ဤဆယ်တန်သော ဆင်မျိုးတို့၏ ဆယ်ဆထက်ဆယ်ဆတက်စီသော အားကိုဆောင်နိုင် သည်ဖြစ်၍၊ ယောကျ်ားဗိုလ်ခြေ၊ ကုဋေတစ် သောင်းတို့၏၊ ကာယဗလ၊ ဌာနာဌာန၊ ကောသလ္လ ဉာဏ်၊ ဝိပါကဉာဏ်၊ သဗ္ဗတ္ထဂါမိနီဉာဏ်၊ နာနာဓာတုဉာဏ်၊ အဓိမုတ္တဉာဏ်၊ ဣန္ဒြိယ ပရော ပရိယတ္တိဉာဏ်၊ ဈာနာဒိ သံကိလေသဉာဏ်၊ ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယ ဉာဏ်တည်းဟူသော ဆယ်ပါးသော ဉာဏဗလကိုရတော်မူသည်ဖြစ်၍၊ လူ့ပြည်၊ နတ်ရပ်၊ ခေတ် သုံးထပ်ကို၊ အုပ်ကွပ်စိုးပိုင်၊ နိုင် တော်မူခြင်းဟူသော ဣဿရိယဘုန်းတော်။ လောကုတ္တရာတရား၊ မြတ်ကိုးပါးသို့၊ ထင်ရှားစွာရောက်ခြင်းတည်းဟူသော ဓမ္မဘုန်းတော်။ နရက်ဘဝဂ်၊ အောက်ထက် ပျံ့လိုင်၊ သုံးခရိုင်၌၊ အဆုံးတိုင်ကျော်စောတော်မူခြင်းတည်းဟူသော ယသဘုန်းတော်။ သုံးဆယ့်

mgyoe.com

နှစ်ပါး၊ သမိုက်ထားသော၊ ယောကျ်ားမြတ်တို့၏ လက္ခဏာ၊ ရောင်ဝါမြတေ၊ ကျက်သရေ အပေါင်းနှင့်ပြည့်စုံတော်မူခြင်းတည်းဟူသော သိရီဘုန်းတော်။ အလိုတော်ရှိသမျှ၊ တစ်ခဏခြင်း ဖြင့်သာ ပြည့်စုံလာခြင်းတည်းဟူသော ကာမဘုန်းတော်။ နိဗ္ဗာန်ရောက်ရာ၊ ဒေသနာဖြင့်၊ ဗြဟ္မာ နတ်လူ၊ သုံးဘုံသူတို့ကို၊ ကြည်ဖြူလှစွာ၊ သင်ဆုံးမသောကြောင့်၊ လောကလုံးကိုးကွယ်ရာ၊ ဆရာ အဖြစ် သို့ရောက်တော်မူခြင်းတည်းဟူသော ပယတ္တဘုန်းတော်။ ဤခြောက်ဖော်သော၊ ဘုန်းတော် အမြတ်၊ ဂုဏ်အရဟတ်ဖြင့်၊ လောကဓာတ်လုံး၊ ညွှတ်ရုံးညီကာ၊ ကောင်းချီးဩဘလျက်၊ ဘဂဝါဟူ သော ဘွဲ့ပုံတော်အထူးဖြင့် ညွှတ်နူးကော်ရော်၊ ပူဇော်ချီးပအပ်သည်လည်းဖြစ်တော်မူပြီးထသော၊

(၁၅) အမုဆက္ကသတ၊ ဇာတကကို၊ ပုံပြသက်သေခံလျက်၊ အနန္တဘဝ၊ ဖြစ်ဖြစ်သမျှတို့၌၊ ဓနပရိစ္စာဂ၊ ပုတ္တ ပရိစ္စာဂ၊ ဘရိယ ပရိစ္စာဂ၊ အင်္ဂပရိစ္စာဂ၊ ဇီဝိတ ပရိစ္စာဂ တည်း ဟူသော စွန့်ခြင်းကြီးငါးအင်ကို၊ မဂ္ဂင်ဖောင်ပျံ၊ စံလိုသူအပေါင်းတို့ထက်၊ ကဲဆောင်းလွန်မောက်၍၊ အထောက်မတန်ပြုခဲ့သော၊ ဟေတုသမ္ပဒါ၊ မြတ်သမ္ဘာကြောင့်၊ အနိမာ၊ လဃိမာ၊ မဟိမာ၊ ပတ္တိမာ၊ ကမ္မ၊ ဤသိတာ၊ ဝသိတာ၊ ယတ္ထကာမဝသယိတာဟူသော ဘာသာမဂဓိ၊ ရာဇ ဣဒ္ဓိဟုဥဒါန်းနှင့်အညီ၊ ရုံသီနေပြောက်၊ ပြတင်းပေါက်၌၊ မြင်လောက်ရုံသော၊ အဏုမြူပမာ၊ သိမ်မွေ့ စွာသော ကိုယ်တော်ကို၊ ငယ်အောင်ဖန်ဆင်းတော်မူနိုင်ခြင်း။ ရေပြင်မြေမိုး၊ ပျံလျှိုးငုပ်လျှား၊ သွားတော်မူနိုင်ခြင်း။ ကြီးစေလိုက၊ မြင်းမိုရ်ပြန်ရာ၊ ထို့ထက်သာ၍၊ စကြဝဠာတိုက်လုံး၊ အုပ်ဖုံးပတ်လှည့်၊ ကိုယ်တော်ပြည့်အောင်၊ တရှိ ထိုင်တော်မူနိုင်ခြင်း။ မြေထု၊ ရေထု၊ မေရုပဗ္ဗတာ၊ သီလာတောင်ထပ်၊ အတွင်းရပ်ကို၊ ကျဉ်းကျပ်ပိတ်ဆီးခြင်းမရှိ ပကတိကောင်းကင်၊ ဟင်းလင်းပြင်ကဲ့သို့၊ လျှိုးဝင်ထွင်းဖောက်၊ ကြွရောက် တော်မူနိုင်ခြင်း။ မနောဓိဋ္ဌာန်၊ စိတ်တော်ကြံတိုင်း၊ ကမ္မာကမ္မ၊ ဟူသမျှကို၊ ကုံငပြီး မြောက်တော်မူ နိုင်ခြင်း။ သုံးဆယ့်တစ်ဘုံ၊ အလုံးစုံကို၊ ဥသုံစိုးပိုင်တော်မူနိုင်ခြင်း။ လောကီစျာန်ရပ်၊ သမာပတ်ကို၊ မပြတ်ဝင်ကာ၊ လိုတိုင်းပါအောင်၊ လေ့လာတော်မူနိုင်ခြင်း။ သက်မရှိသည့်၊ ဂိရိဗဟို၊ တောင်မြင်းမိုရ်မှ လည်း၊ လိုတော်လိုက်ကာ၊ ညွှတ်လိုက်လာရခြင်းတည်းဟူသော တန်ခိုးတော်ရှစ်ဦး၊ ဘုန်းတော်ထူး ဖြင့်၊ အံ့ကျူးပြီးပိုင်၊ မချီးနိုင်၍၊ တစ်ပြိုင်တည်လျက်၊ တစ်ပြိုင်ပျက်သော၊ စကြဝဠာတိုက်နေ၊ သိန်း ကုဋေလုံး၊ ရွှေမုဋ္ဌာန်စွမ်း၊ အာဏာလွှမ်း၍၊ ထဲဝမ်းစိမ့်စိမ့်၊ ကြက်သီးဖိမ့်မျှ၊ ခြိမ့်ခြိမ့်ကြွေးကြော်၊ ပူဇော်ကြရာ၊ သုံးရွာလုံးတန်ဆောင်၊ မင်း ခေါင်မင်းဖျား၊ မင်းတရား အစစ်လည်းဖြစ် တော်မူထသော

(၁၆) လောကသုံးရွာ၊ သတ္တဝါတို့၏၊ ခန္ဓာရုပ်နာမ်ဝယ်၊ အဖန်ဖန်ကပ်ငြိလျက်၊ ဖိစီးနှိပ်စက် တတ်သော ပိဋ္ဌနအနက်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရား လေးပါးတို့သည် ပြုပြင်စီရင်အပ်သော သင်္ခတအနက်။ မရောင့်ရဲစွာ၊ သတ္တဝါတို့ကို၊ လောင်ဆာပူပန် စေတတ်သော သန္တာပအနက်။ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝတို့ဖြင့် ဖောက်ပြန်ပျက်စီးတတ်သော

mgyoe.com
ဝိပရိဏာမအနက်တည်းဟူသော လေးပါးသော ဒုက္ခသစ္စာ၏ အနက်တို့ကိုလည်းကောင်း။ အစမထင်၊ သံသရာ၌၊ လူးလာစုန်ဆန်၊ အဖန်ဖန်သွားလာစေခြင်းငှာ၊ အားထုတ်တတ်သော အာယူဟနအနက်။ ဝဋ်ဆင်းရဲအပေါင်း၏၊ အကြောင်းမူလဖြစ်သော နိဒါနအနက်။ ဝဋ်ဆင်းရဲ၌ အမြဲပျော်ရွှင်၊ တမင်မင်ဖြင့်၊ ကျင်လည်စေတတ်သော သံယောဂအနက်။ ဝဋ်ဆင်းရဲမှထွက်မြောက်ကြောင်းဖြစ်သော မဂ္ဂသစ္စာကို၊ ဆီးကာတားမြစ်တတ်သော ပလိဗောဓအနက်တည်းဟူသော လေးပါးသော သမုဒယသစ္စာ၏ အနက်တို့ကိုလည်းကောင်း။ သံသရာဝဋ်မှ၊ ထွက်လွတ်ကူးမြောက်ပြီးသော နိဿရဏအနက်။ သင်္ခါရတို့မှဆိတ်သောဝိဝေကအနက်။ ပြုပြင်ခြင်းကင်းသော အသင်္ခတအနက်။ သေခြင်းစသော ဒုက္ခခပ်သိမ်းမှ၊ ကင်းငြိမ်းချမ်းသာသော အမတအနက်တည်းဟူသောလေးပါးသော နိရောဓသစ္စာ၏ အနက်တို့ကိုလည်းကောင်း။ ဝဋ်ဒုက္ခအပေါင်းတို့မှ ကောင်းစွာထွက်မြောက်တတ်သော နိယျာနိကအနက်။ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော ဟေတုအနက်။ နိဗ္ဗာန်ကိုမြင်တတ်သော ဒဿနအနက်။ သင်္ခါရတရားမျိုးတို့ကို အစိုးရသော အဓိပတေယျအနက်တည်းဟူသော လေးပါးသော မဂ္ဂသစ္စာ၏အနက်တို့ကိုလည်းကောင်း။ အကြောင်းအကျိုးအားလျော်စွာ၊ လေးသစ္စာတို့ကို ဒဿနာကာရဖြင့်၊ သောဠသ ဝေဖန်၍၊ ရွှေဉာဏ်ထင်ထင်၊ ရွှေလက်တင် ပတ္တမြားကဲ့သို့၊ ပိုင်းခြားသိမြင်တော်မူသည့်အလျောက်၊ အထောက်အခံ၊ ကံဉာဏ်ကြီးရင့်၊ ပွင့်ထိုက်သောသတ္တဝါ၊ ဝေနေယျာတို့ကို၊ ပွင့်ပါစေနှလုံးဖြင့်၊ ဓွေချွန်းထစ်ကြိုး၊ ရှစ်ကိုးနယ်ကုန်၊ သုန်သုန်ပြင်းဝုန်၊ ရွာဖျန်းသွန်းသော၊ မေဃဝန်တမျှ၊ ဓမ္မဘေရီ၊ မေဒနီကို၊ နာရီမလပ်၊ လူနှင့် နတ်အား၊ မပြတ်တိုက်ကျွေးပေးတော်မူတတ်သော သုံးရပ်လုံးဆရာ၊ ဒေဝါဓိဒေဝဿ၊ ဗြဟ္မာဓိ ဗြဟ္မိန္ဒ၊ တိဘဝပါရဂူ၊ အဘိဘူ ပါမောက္ခ၊ အနုတ္တရသင်းကျစ်၊ မဟာဓမ္မရာဇ်၊ မြတ်ရှင်ချစ်ကို၊ အဟံ၊ ခန္ဓာပဉ္စက၊ ဒြပ်မျှကို၊ ပေါင်းထမယုတ်၊ အကျွန်ုပ်သည်၊ ဝန္ဒေဝန္ဒာမိ၊ ဂုဏ်တော်ထုံမွှမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောပနာ၊ မဏာရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့လိုက်ပါ၏မြတ်စွာဘုရား။

**"ပကိဏ္ဏက နမက္ကာရ အစိန္တေယျ ဘုရားရှိခိုးကြီး"**

**ပြီးပြီ။**

mgyoe.com

mgyoe.com

# ခက်ဆစ်အဖြေ

## အပိုင်း (၁) ခက်ဆစ်အဖြေ

အစိန္တေယျ = မကြံစည်နိုင်သော။
အပ္ပမေယျ = မနှိုင်းယှဉ်နိုင်သော။
သေဋ္ဌ = လောကထက် မြတ်သော။
ဇေဋ္ဌ = လောကထက် ကြီးမြတ်သော။
အတုလ ပရမံ = အတုမရှိမြတ်သော။
အရဟံ = ပူဇော်အထူးကို ခံယူတော်မူထိုက်သော။
ဘဂဝါ = ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။
သမ္မာသမ္ဗုဒ္ဓ = တရားအလုံးစုံကို အကုန်မကျန် မဖောက်မပြန် မှန်ကန်စွာ ကိုယ်တော်တိုင် ထိုးထွင်းသိမြင်တော်မူသော။
အနုတ္တရ = သာလွန်သူမရှိသော။
မာရဇိ = မာရ်ငါးပါးကိုအောင်မြင်တော်မူသော။
တိလောကဂ္ဂူ = သတ္တလောက၊ သင်္ခါရ လောက၊ ဩကာသ လောကတည်းဟူသော လောကသုံးပါး၏ အဆုံးသို့ရောက်တော်မူသော။
သယမ္ဘူ = တရားအလုံးစုံကို ကိုယ်တော်တိုင်သိတော်မူသော။
ဘဝိဿရ = ဘဝအလုံးစုံကို အစိုးရတော်မူသော။
အသင်္ချေ့ရ နာမတံဆိပ် = မရေမတွက်နိုင်သော အမည်တော်တံဆိပ်၊ ဘွဲ့တံဆိပ်။
ဂုဏ်ဝိသိဋ္ဌ = ထူးကဲကြီးမြတ်သော ဂုဏ်ထူး။
ဇမ္ဗူဒိပ် = ကျွန်းဦး ဇမ္ဗူသပြေပင်ကြောင့် ထင်ရှားသော တောင်ကျွန်း။
ဘဝဂ် = သုံးဆယ့်တစ်ဘုံတွင် အထက်ဆုံး ဘုံ။
ဩကာသသုံးရပ် = ကာမဘုံ၊ ရူပဘုံ၊ အရူပ ဘုံဟူသောသတ္တလောက၏ တည်ရာအရပ်။

mgyoe.com

mgyoe.com

| | | |
|---|---|---|
| မဟာကဝိန်၊ သုခမိန် | = | ကြီးမြတ်သောပညာရှိကြီး၊ ပညာရှိ။ |
| ပညိန္ဒြေ | = | ဉာဏ်ပညာ တည်းဟူသော ဣန္ဒြေ။ |

## အပိုဒ် (၂) ခက်ဆစ်အဖြေ

| | | |
|---|---|---|
| မကိုဋ် | = | ဦးခေါင်း၌ တပ်ဆင်အပ်သောမြတ်သောတန်ဆာ။ |
| မင်္ဂလာ | = | ကျက်သရေကိုယူတတ်သော၊ မကောင်းမှုကို ပယ်ဖျက်တတ်သော သဘော။ |
| ပထမာဒိက | = | အစဦးဆုံး။ |
| ဘူမိပါလ | = | သမ္မတမင်း။ |
| အာဒိစ္စဂိုဏ်း | = | နေမင်း၏အမျိုးမှ ဆင်းသက်ပေါက်ဖွားလာသော။ |
| သမ္မုတိဒေဝရာဇ် | = | သမ္မုတိနတ်ဟုခေါ်သောမင်း။ |
| ဇာတိမဟတ္တဂုဏ် | = | အမျိုးအားဖြင့် ကြီးမြတ်သောဂုဏ်။ |
| ပုညမဟတ္တဂုဏ် | = | ဘုန်းတော်အားဖြင့် ကြီးမြတ်သောဂုဏ်။ |
| ဝသုန် | = | မြေ။ |
| သေလာ | = | ကျောက်တောင်။ |
| အဏ္ဏဝါ | = | ပင်လယ်သမုဒ္ဒရာ။ |
| ဂုဏမဟတ္တဂုဏ် | = | ဂုဏ်အားဖြင့် ကြီးမြတ်သောဂုဏ်။ |
| အပ္ပဋိပုဂ္ဂိုလ် | = | နှိုင်းယှဉ်ဘက်မရှိသောပုဂ္ဂိုလ်။ |

## အပိုဒ် (၃) ခက်ဆစ်အဖြေ

| | | |
|---|---|---|
| ချက်ဖွဲ့ဘူမိ | = | ဇမ္ဗူဒိပ်ကျွန်း၏ အလယ်ဗဟို၊ မြေ။ |
| အပ္ပရာဇိခရိုင် | = | အပ္ပရာဇိတပလ္လင်၊ ရန်သူတို့မအောင်မြင်နိုင်သည့် နေရာထူး။ |
| ကာမလောကဓာတ် | = | နတ်ပြည်ခြောက်ထပ်နှင့်လူ့ပြည်ဟူသောကာမ သုဂတိခုနစ်ဘုံ။ |
| မေခလာဂီရိ | = | မာနတ်၏ ဂီရိမေခလာမည်သောဆင်ကြီး ။ |
| ပြောင်ကြီးသေဌ်နင်း | = | ဆင်ပြောင်ကြီး၏ အရှင်သခင်ဖြစ်သော။ |
| မာရ်နတ် | = | နှောင့်ယှက် ဖျက်ဆီးသည့်နတ်။ |
| ပါရမီဉာဏ် | = | ဆယ်ပါးသော ပါရမီဉာဏ်တော်ကုသိုလ်။ |
| ကံသမ္ဘာရှိန် | = | ကံအဆောက်အအုံအဟုန်။ |
| ဝရဇိန် | = | သိကြားမင်း၏ မိုးကြိုးစက်၊ စိန်လက်နက်။ |
| ကိလေသာစက် | = | တစ်ထောင့်ငါးရာကိလေသာ။ |

mgyoe.com

mgyoe.com

သုံးထောင်ဝက် = သုံးထောင်၏တစ်ဝက် (တစ်ထောင့်ငါးရာ)။

အာနာပါနဘာဝနာ = ထွက်သက် ဝင်သက်ကို မှတ်၍ ဆင်ခြင်ပွားများ စီးဖြန်းရသော ကမ္မဋ္ဌာန်း။

ရူပါဝစရ၊ အရူပါဝစရ၊ စတုတ္ထသမာပတ် = ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ဟူသော ဝင်စားသည့် ဈာန်လေးပါး။

ဝသီဘော်ငါးတန် = ဈာန်ကို အထူးနိုင်နင်းစေရန် အလေ့အကျင့်ပြုမှုငါးမျိုး။

၁။ အာဝဇ္ဇနဝသီ = ထပ်ကာထပ်ကာ ဆင်ခြင်ခြင်း အလေ့အကျင့်။

၂။ သမာပဇ္ဇနဝသီ = ထပ်ကာထပ်ကာ ဝင်စားခြင်း အလေ့အကျင့်။

၃။ ပစ္စဝေက္ခဏာဝသီ = အဖန်ဖန်သုံးသပ်ခြင်းအလေ့အကျင့်။

၄။ အဓိဋ္ဌာနဝသီ = ဈာန်မှထရန် ဆောက်တည် (အဓိဋ္ဌာန်) ခြင်း အလေ့အကျင့်။

၅။ ဝုဋ္ဌာနဝသီ = သတ်မှတ်ချိန်အတိုင်း ဈာန်မှထခြင်းအလေ့အကျင့်။

ပရမတ် = ရုပ်နာမ်တရား၊ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်။

ပညတ် = အမည်။

ပုဗ္ဗေနိဝါသဉာဏ် = ရှေးကဖြစ်ခဲ့ နေခဲ့ဖူးသည်ကိုပြန်လည်သိမြင်သောဉာဏ်။

ဝေနေယျ = ကျွတ်ထိုက်သောသတ္တဝါ။

ကမ္မ = ကုသိုလ်ကံ၊အကုသိုလ်ကံ။

ဂတိ = လားရာဘဝ။

စုတိ = ရွေ့လျားခြင်း၊ သေခြင်း။

ပဋိသန် = ဘဝသစ်၌ တစ်ဖန်ပြန်ဖြစ်ခြင်း။

ဒူရ = ဝေးသော။

ပဋိစ္ဆန္န = ဖုံးကွယ်ထားသော။

သဏှ = သိမ်မွေ့သော။

သုခုမ = နူးညံ့သော၊ အနုစိပ်ဖြစ်သော။

ဒိဗ္ဗစက္ခု = နတ်မျက်စိကဲ့သို့ မြင်နိုင်သောဉာဏ်။

ဩဃ = ရေအလျဉ်နှင့်တူသော တရား၊ ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇော ဃဟုလေးမျိုးရှိ၏။

အာသဝ = ရှည်ကြာမြင့်စွာထုံအပ်သော သဘောတရား၊ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာ သဝ၊ အဝိဇ္ဇာသဝဟုလေးပါးရှိ၏။

ယောဂ = သံသရာဝဋ်ဒုက္ခနှင့် ယှဉ်တွဲစေတတ်သော ယောဂတရားလေးပါး။ (ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂဟုလေးမျိုးရှိ)

mgyoe.com

mgyoe.com

ဂဏ္ဍိ = အဘိဇ္ဈာ၊ ဗျာပါဒ၊ သီလဗ္ဗတပရာမာသ၊ ဣဒံသစ္စာဘိနိဝေသဟူ၍ သံသရာ ဝဋ်ဆင်းရဲ၌ ထုံးဖွဲ့စေတတ်သော တရားလေးပါး။

လေးဖြာဥပါဒါန် = ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊အတ္တဝါဒုပါဒါန် ဟူ၍ ပြင်းတန် ခိုင်မြဲ စွဲလန်းစေသောတရားလေးမျိုး။

ခြောက်တန်နီဝရဏ = ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ အဝိဇ္ဇာဟူ၍ ကု သိုလ်တရားတို့ မဖြစ်ပေါ်ရအောင် ပိတ်ပင်တားဆီးတတ်သော တရား ခြောက်ပါး။

အနုသယခုနစ်အင် = ကာမရာဂ၊ ဘဝရာဂ၊ ပဋိဃ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ အဝိဇ္ဇာဟူ၍ သတ္တဝါ တို့၏စိတ်သန္တာန်၌ အဖန်တလဲလဲ ကိန်းအောင်းနေတတ် သော တရားခုနစ်မျိုး။

သံယောဇဉ်ဆယ်တန် = ကာမရာဂ၊ ရူပ ရာဂ၊ အရူပရာဂ၊ ပဋိဃ၊ မာန၊ ဒိဋ္ဌိ၊ သီလဗ္ဗတ ပရာမာသ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာဟူ၍ သတ္တဝါတို့ကို သံသရာဝဋ် ဆင်းရဲမှမထွက်နိုင်အောင် နှောင်ဖွဲ့တတ်သော တရားဆယ်ပါး။

ကိလေသာ = လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိ က၊ အနောတ္တပ္ပဟူ၍ စိတ်ကို ပူလောင်ညစ်နွမ်းစေသော တရား ဆယ်ပါး။

ထောင့်ငါးရာကိလေသာ = လောကီစိတ် ၁+ စေတသိက် ၅၂=နာမ်တရား ၅၃ပါး၊ နိပ္ဖန္နရုပ် ၁၈+ လက္ခဏရုပ် ၄=ရုပ်တရား ၂၂ ပါး၊ နာမ်ရုပ်နှစ်ရပ်ပေါင်း ၇၅ ကို အဇ္ဈတ္တ၊ ဗဟိဒ္ဓသန္တာန် နှစ်ပါးနှင့်မြှောက် ၁၅၀ ဖြစ်၏။ ယင်း ၁၅၀ သည် ကိလေသာ ၁၀ ပါး၏အာရုံဖြစ်နိုင်သောကြောင့် ကိလေသာ ၁၀ ပါးနှင့်မြှောက်လျှင် ၁၅၀၀ ကိလေသာဖြစ်၏။

အရဟတ္တမဂ္ဂ = မဂ်လေးပါးတွင် အထွတ်အထိပ်ဖြစ်သော မဂ်။

အာသဝက္ခယဉာဏ် = အာသဝေါတရား ကုန်ရာဖြစ်သော ဉာဏ်။

ဝိဇ္ဇာသုံးပါး = ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗ စက္ခုဉာဏ်၊ အာသဝက္ခယဉာဏ် ဟူသော ဉာဏ် သုံးပါး

ဝိဇ္ဇာရှစ်ပါး = အထူးသဖြင့်သိကြောင်း ဖြစ်သောအလင်းရောင် ဉာဏ်ရှစ်ပါး။

၁။ ရှေးက ဖြစ်ခဲ့သမျှဘဝခန္ဓာအစဉ်ကိုမြင်နိုင်သော ပုဗ္ဗေနိဝါသဉာဏ်၊ ၂။ နီးဝေးသေးကြီးသော ရူပါရုံဟူသမျှ အကုန်မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခု ဉာဏ်၊ ၃။ တစ်ထောင့်ငါးရာ ကိလေသာကို ပယ်ခွာသတ်ဖြတ်တတ်သော အရဟတ္တမဂ္ဂအာသဝက္ခယဉာဏ်၊ ၄။ ထူးထွေဆန်းပြား အမျိုးမျိုးသော တန်ခိုးတော် အရပ်ရပ်ကိုဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓဉာဏ်၊ ၅။ ဝေးနီးတိုးကျယ်သော အသံဟူသမျှကို

mgyoe.com

mgyoe.com

ကြားနိုင်စွမ်းသော ဒိဗ္ဗသောတဉာဏ်၊ ၆ ။ စိတ်အစဉ်ကိုလိုက်၍ သိသောစေသော ပရိယဉာဏ်၊ ၇။ စိတ်ကြံတိုင်းကိုယ်ပြီးသော တန်ခိုးတော်ရှိသည့်မနောမယိဒ္ဓိဉာဏ်၊ ၈။ ဝိပဿနာ ဉာဏ်စဉ် အရပ်ရပ်ကိုသိသော ဝိပဿနာဉာဏ်။

လူတမွတ် = လူတွင် အထွတ်အမြတ်ဖြစ်သော။

## အပိုဒ် (၄) ခက်ဆစ်အဖြေ

ပစ္စေကဗုဒ္ဓါ = သီးခြားပွင့်သော ဘုရားငယ်တစ်မျိုး။
အာသယကိန်းဟန် = ကိန်းအောင်းနေသော အလိုဆန္ဒ။
အာသယာနုသယဉာဏ် = သတ္တဝါတို့၏အလိုဆန္ဒကို သိသောဉာဏ်။
သဗ္ဗညုတဉာဏ် = သိဖွယ်ရှိသမျှ အလုံးစုံကို အကုန်အစင်သိသောဉာဏ်။
ဣန္ဒြိယပရောပရိယတ္တိဉာဏ် = ကျွတ်ထိုက်သောသတ္တဝါ တို့၏ပါရမီ၊ ဓာတ်ခံရင့်မရင့်ကို သိသောဉာဏ်။
သင်္ခါရ = အကြောင်းတရားတို့ ပြုပြင်စီရင်ခြင်းမကင်းသည့်တရား။
ဝိကာရ = ရုပ်နာမ်တရားတို့၏ အထူးထူးအပြားပြားသောအခြင်းအရာ။
လက္ခဏာ = ရုပ်နာမ်တရားတို့၏လက္ခဏာ။
နိဗ္ဗာန် = ဆင်းရဲဟူသမျှ ငြိမ်းအေးမှု။
ဉေယျခံငါးအင် = ဉာဏ်တော်ဖြင့် သိအပ်သောတရားငါးပါး။
အနာဝရဏဉာဏ် = ဆီးကာပိတ်ပင်ခြင်းမရှိ သိမြင်သောဉာဏ်။
ယမိုက်ပြာဋိဟာ = ရေမီးအစုံ အစုံထွက်စေသော တန်ခိုးတော်။
ယမကပါဋိဟာရိယဉာဏ် = ရေနှင့်မီးအစုံအစုံထွက်စေသည့် တန်ခိုးတော်ကို ဖြစ်စေတတ်သော ဉာဏ်။
မဟာကရုဏာသမာပတ္တိဉာဏ် = လွန်စွာကြီးမြတ်သည့် သနားခြင်းကိုဝင်စားသည့်ဉာဏ်။
ဆ အသာဓာရဏဉာဏ် = မြတ်စွာဘုရား၌သာလျှင်ရှိသည့် ဉာဏ်တော်ခြောက်ပါး။
သမန္တာ = ထက်ဝန်းကျင်။
ပသာဒစက္ခု = အောက်မင်ဉာဏ်ဟူသည့် ဓမ္မစက္ခု၊ ပကတိမျက်စိ။
ဉာဏစက္ခု = ဉာဏ်မျက်စိ၊ အရဟတ္တမဂ်ဉာဏ်။
ဒိဗ္ဗစက္ခု = နတ်မျက်စိကဲ့သို့ မြင်နိုင်သောအဘိညာဉ်နှင့်တကွဖြစ်သော ဉာဏ်မျက်စိ။

mgyoe.com

ဗုဒ္ဓစက္ခု = ဘုရားမျက်စိ၊ ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်နှင့် အာသယာနုသယ ဉာဏ်။

သမန္တစက္ခု = သဗ္ဗညုတဉာဏ်။

## အပိုဒ် (၅) ခက်ဆစ်အဖြေ

ပလ္လင် = ထိုင်ရန်နေရာ၊ ပဋိစ္စသမုပ္ပါဒ်ကိုဆင်ခြင်လျက် အပရာဇိတရွှေပလ္လင် ထက်၌ ခုနစ်ရက်သီတင်းသုံးတော်မူရာဌာန။

အနိမိသ = သဗ္ဗညုတဉာဏ်တော်ကိုရရာ ဗောဓိပင်နှင့် ရွှေပလ္လင်အား ခုနစ်ရက် လုံး မမှိတ်သောမျက်စိဖြင့် ရှုစားတော်မူရာဌာန။

စင်္ကြံ = ခုနစ်ရက်ပတ်လုံး စင်္ကြံကြွရာဌာန။

စတုတ္ထသတ္တာဟ = လေးပတ်မြောက် ရက်သတ္တပတ်။

အဘိဓမ္မာခုနစ်ကျမ်း = ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်း။

ဝတ္ထုပသာဒိန္ဒြေ = အထည် ကိုယ်ဒြပ်ဖြစ်သည့် တစ်ကိုယ်လုံး

နီလ = အညို

ပီတ = အဝါ၊ အရွှေ

လောဟိတ = အနီ

ဩဒါတ = အဖြူ

မဉ္ဇိဋ္ဌ = အနီနု

ပဘဿရ = ပြိုးပြိုးပြက် တလက်လက်တောက်ပ။

ဂိဝါ = ပန်းပွင့်အဆင်းနှင့်တူသော ရွှေ

သာခွာဘော်ကြို = ဘော်ငွေ

ဗိမာန် = မွန်မြတ်သောအဆောက်အအုံ။

## အပိုဒ် (၆) ခက်ဆစ်အဖြေ

ပရိဗိုဇ် = သာသနာမှအပဖြစ်သော ရဟန်းမျိုး။

တက္ကတွန်း = သာသနာပ မှားသော အယူရှိသော ရဟန်းတစ်မျိုး။

မုနေ့ = တရားကိုသိသော ဉာဏ်ရှိသူ၊ သူမြတ်။

mgyoe.com

mgyoe.com

| | | |
|---|---|---|
| အရည်း | = | (အရိယ) ရသေ့ ရဟန်း။ |
| ဦးပြည်း | = | ခေါင်းတုံးရိတ်ထားလေ့ရှိသောရသေ့၊ ရဟန်း။ |
| တပသီ | = | သီလအကျင့်လျှင်တည်ရာရှိသော ရသေ့တစ်မျိုး။ |
| ဇေရာဂီ | = | သာသနာ ပယောဂီရသေ့တစ်မျိုး။ |
| ဝါဒီ | = | ဝါဒ အယူရှိသူ။ |
| စရိက်ဘာဝ | = | အလေ့အကျင့် |
| သာသနာ့ဗာဟိ | = | သာသနာတော်မှအပဖြစ်သော။ |
| အဓိသီလ | = | လွန်မြတ်သော အကျင့်၊ ဆောက်တည်ထိန်းသိမ်းမှု သီလ။ |
| အာပတ်ခုနစ်ပုံ | = | ဝိနည်းတော်လာ အာပတ်ခုနစ်ပုံမှာ (၁) ပါရာဇိက၊ (၂) သံဃာဒိသေသ်၊ (၃) ထုလ္လစ္စဉ်း၊ (၄) ပါစိတ်၊ (၅) ပါဋိဒေသနီ၊ (၆) ဒုက္ကဋ်၊ (၇) ဒုဗ္ဘာသီ ဖြစ်၏။ |
| ပါတိမောက္ခသံဝရ | = | ဆင်းရဲမှလွတ်စေတတ်သော ရဟန်းကျင့်ဝတ် သိက္ခာပုဒ်ကို စောင့်စည်းခြင်း။ |
| ဣန္ဒြေခြောက်ပါး | = | မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်။ |
| ဣန္ဒြိယသံဝရ | = | ဣန္ဒြေခြောက်ပါးတို့ကို လုံခြုံအောင်စောင့်စည်းမှု။ |
| မိစ္ဆာဇီဝ | = | မသန့်ရှင်းသော အသက်မွေးမှု။ |
| အာဇီဝပါရိသုဒ္ဓိသီလ | = | အသက်မွေးဝမ်းကျောင်း စင်ကြယ်သောသီလ။ |
| ပစ္စဝေက္ခဏာ | = | ဆင်ခြင်သုံးသပ်ခြင်း။ |
| ပစ္စယသန္နိဿိတသီလ | = | ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးကိုဆင်ခြင်၍ မှီဝဲခြင်း။ |
| စတုပါရိသုဒ္ဓိသီလ | = | ပါတိမောက္ခ သံဝရ၊ ဣန္ဒြိယသံဝရ၊ အာဇီဝပါရိသုဒ္ဓိ၊ ပစ္စယသန္နိဿိတ ဟူသော အလွန်စင်ကြယ်သော သီလလေးပါး။ |
| သီလဝိသုဒ္ဓိ | = | သီလ၏ စင်ကြယ်မှု။ |
| မဟဂ္ဂုတ် | = | ရူပဈာန်စိတ်၊ အရူပဈာန် စိတ်တို့ကို မဟဂ္ဂုတ်စိတ် ခေါ်သည်။ လောကီဈာန်မျိုးဖြစ်သည်။ မြတ်သောအဖြစ်သို့ ရောက်သောစိတ်ဖြစ်သည်။ |
| လောကုတ္တရာ | = | လောကမှလွန်မြောက်သောစိတ်။ |
| စိတ္တဝိသုဒ္ဓိ | = | စိတ်၏ စင်ကြယ်မှု။ |
| မိစ္ဆာဝါဒီ | = | ဖောက်ပြန်မှားယွင်းသော အယူရှိသူ။ |
| ဝိတဏ္ဍီ | = | ဆန့်ကျင်သောအယူရှိသူ။ |

mgyoe.com

mgyoe.com

| | | |
|---|---|---|
| ဒိဋ္ဌိဝိသုဒ္ဓိ | = | အယူအမြင်၏ စင်ကြယ်မှု (အတိတ်၌ယုံမှားမှု ၈ါးပါး၊ အနာဂတ်၌ ယုံမှားမှု၈ါးပါး၊ ပစ္စုပ္ပန်၌ယုံမှားမှုခြောက်ပါး၊ ပေါင်း ၁၆ ပါးသော ယုံမှား သင်္ကာကင်းမှု) |
| ကင်္ခါဝိတရဏဝိသုဒ္ဓိ | = | တစ်ဆယ့်ခြောက်ပါးကုန်သော ယုံမှားသင်္ကာကို လွန်မြောက်သော ဉာဏ်၏ စင်ကြယ်မှု။ |
| မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ | = | မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ်အမြင်စင်ကြယ်မှု။ |
| ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ | = | မဂ်ရောက်ကြောင်းကျင့်စဉ်ကိုသိမြင်သော ဉာဏ်အမြင်စင်ကြယ်မှု (သောတာပတ္တိမဂ်၊ သကဒါဂါ မိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်) |
| သဟဇာတ် | = | တကွဖြစ်သော။ |
| သမ္ပယုတ် | = | အတူယှဉ်ဖော်ယှဉ်ဖက် ဖြစ်သော။ |
| သစ္စာလေးတန် | = | အမှန်တရားလေးခု၊ (ဆင်းရဲအမှန်၊ ဆင်းရဲ ကြောင်းအမှန်၊ ဆင်းရဲ ချုပ်ရာ အမှန်၊ ဆင်းရဲချုပ်ကြောင်းအမှန်) |
| ဉာဏဒဿနဝိသုဒ္ဓိ | = | ဉာဏ်အမြင် စင်ကြယ်မှု။ |
| တဒင်္ဂဝိမုတ္တိ | = | ကာမကုသိုလ်ဖြင့် တစ်ခဏမျှကိလေသာမှလွတ်ခြင်း။ |
| ဝိက္ခမ္ဘနဝိမုတ္တိ | = | မဟဂ္ဂုတ်ကုသိုလ်ဖြင့် ကိလေသာကို အတန်ကြာ ပယ်ခွာလွတ်မြောက်မှု။ |
| သမုစ္ဆေဒဝိမုတ္တိ | = | မဂ်ဖြင့် ကိလေသာမှ အကြွင်းမဲ့ဖြတ်တောက်လွတ်မြောက်မှု။ |
| ပဋိပဿမ္ဘနဝိမုတ္တိ | = | ဖိုလ်ဖြင့် ကိလေသာမှ ထပ်မံလွတ်မြောက်မှု။ |
| နိဿရဏဝိမုတ္တိ | = | ကိလေသာမှ လုံးဝလွတ်မြောက်မှု။ |
| အာဂါရမုနိ | = | အိမ်ရာတည်ထောင် လူ့ဘောင်၌နေသော လူဝတ်ကြောင်သူမြတ်။ |
| အနာဂါရမုနိ | = | အိမ်ရာမထောင် ရဟန်း ဘောင်၌နေသော ရဟန်းသူမြတ်။ |
| သေက္ခမုနိ | = | မဂ်လေးပါးနှင့် အောက်ဖိုလ်သုံးပါးကို ရပြီးသော အရိယာပုဂ္ဂိုလ် ခုနစ်ယောက်။ |
| အသေက္ခမုနိ | = | အရဟတ္တဖိုလ်ကိုရပြီးသော ရဟန္တာပုဂ္ဂိုလ်။ |
| ပစ္စေကမုနိ | = | ပစ္စေကဗုဒ္ဓါ၊ ဘုရားငယ်။ |
| မုနိန္ဒာဘိပဝရ | = | မုနိငါးပါးတို့ထက်အလွန်မြတ်သော။ |
| အတုလမုနိ | = | တုနှိုင်းဖွယ်ရာမရှိသော၊ အတုမရှိသော မြတ်စွာဘုရား။ |

mgyoe.com

mgyoe.com

## အပိုဒ် (၇) ခက်ဆစ်အဖြေ

လက္ခဏာတော်ကြီး ၃၂ ပါး = ဗုဒ္ဓဘုရားနှင့် စကြဝတေးမင်းကဲ့သို့ ယောကျ်ားမြတ်တို့၏ လက္ခဏာကြီးများဟူ၏။ (၁) ပြည့်ဖြိုးညီညာသောခြေဖဝါး။ (၂) ၁၀၈ ကွက်စက်လက္ခဏာတော်အစုံပါသော ခြေဖဝါး။ (၃) သူတစ်ပါးတို့ထက်လုံးဝန်းရှည်သော ဖနောင့်။ (၄) ရင်းတုတ်ဖျားသွယ်ရှည်လျားညီညာသော ခြေချောင်းလက်ချောင်း။ (၅) ဖွားစအခါကဲ့သို့ အမြဲနုနယ်သောလက်ခြေများ။ (၆) အတိုအရှည်မရှိ ညီညာသောလက်ချောင်းခြေချောင်း။ (၇) မြင့်တက်သောဖမျက်။ (၈) ခြေသလုံး၏ ရှေ့နောက်နံပါးအသားဆိုင်များမှာ သလေးစပါးနှင့်တူခြင်း။ (၉) ကိုယ်ခန္ဓာအဖြောင့်ထား၍ဒူးဆစ်ထိရှည်သောလက်။ (၁၀) အအိမ်ဖြင့်ဖုံးလွှမ်းအပ်သောအင်္ဂါဇာတ်။ (၁၁) ရွှေအဆင်းကဲ့သို့ ဝါဝင်း၍ လုံးကျစ်သောကိုယ်။ (၁၂) နုနယ်သော အရေအသား။ (၁၃) မွေးညှင်းတစ်တွင်း၌ အမွေးတစ်ပင်စီသာပေါက်ခြင်း။ (၁၄) ထိုမွေးညှင်းတို့သည် လက်ယာရစ်လှည့်၍ အဖျားကော့တက်ပြီး မျက်စဥ်းညိုရောင်ရှိခြင်း။ (၁၅) ဖြောင့်စင်းသောကိုယ်ခန္ဓာ။ (၁၆) လက်ဖမိုး၊ ခြေဖမိုးပခုံး စွန်းလည်ကုပ်ပြည့်ဖြိုးခြင်း။ (၁၇) ခြင်္သေ့မင်း၏ရှေ့ပိုင်းကိုယ်ကဲ့သို့ ရှေ့နောက်အောက်ထက်ပြည့်စုံသောကိုယ်။ (၁၈) လက်ပြင်ရိုး နှစ်ခုကြား ပြည့်ဖြိုးသောအသား။ (၁၉) အလံနှင့်အရပ်ညီမျှစွာရှိခြင်း။ (၂၀) အညီအမျှလုံး၍လှသော ပခုံးလည်ပင်း။ (၂၁) အရသာကိုဆောင်ယူနိုင်သော အကြောကောင်းများ။ (၂၂) ခြင်္သေ့၏အောက်မေးကဲ့သို့ ပြည့်ဖြိုးသော အထက်မေးအောက်မေး။ (၂၃) သွားပေါင်း လေးဆယ်ရှိခြင်း။ (၂၄) ညီညာတိကျသောသွားရှိခြင်း။ (၂၅) ကျိုးကျဲမရှိ၊ စေ့သောသွားရှိခြင်း။ (၂၆) ထင်ရှားသောသွားစွယ်ရှိခြင်း။ (၂၇) ရှည်ပြန့်သောလျှာရှိခြင်း။ (၂၈) ဗြဟ္မာမင်း၏အသံကဲ့သို့ သာယာချိုမြိန်သောအသံ ကရဝိက်သံရှိခြင်း။ ၂၉။ညိုသင့်ရာ အရပ်၌အလွန်ညိုသောမျက်လုံး။ (၃၀) ဖွားသစ်စနွားငယ်၏ မျက်လုံးအိမ်ကဲ့သို့ မျက်လုံးအိမ်ရှိခြင်း။ (၃၁) မျက်ခုံးနှစ်သွယ် အလယ်တည့်တည့်၌ ဥဏ္ဏာလုံမွေးရှင်ရှိခြင်း။ (၃၂) နဖူးသင်းကျစ်ရှိခြင်း။

သောက်ရှုးကြယ် = သောကြာကြယ်၊ အလင်းရောင်အားကောင်းသောကြယ်ကြီး။

ပြယိုးယားပွင့် = ပြယိုးယားကျောက်။

သာစ္စာဘော်ကြူ = ငွေစင်ငွေကောင်း၊ ဘော်ငွေ။

## အပိုဒ် (၈) ခက်ဆစ်အဖြေ

ကာမဘဝါ = ကိလေသာ အာရုံတို့ဖြင့်ဖွဲ့စည်းတတ်သောဘဝ။ ကာမ ၁၁ ဘုံသား (နတ်ပြည် ၆၊ လူ့ပြည် ၁၊ ငရဲပြည် ၄)

ဒိဋ္ဌိဝိဇ္ဇော = အမြင်မှားမှု ဒိဋ္ဌိနှင့် သစ္စာ (၄) ပါး မသိမှု မောဟ

သြဃလေးဖြာ = သတ္တဝါတို့အား ၃၁ ဘုံရေအယဉ်၌ ဆွဲနှစ်ညှဉ်းပန်းနှိပ်စက်တတ်သော တရားလေးပါး။ (၁) ကာမောဃကာမ ၁၁ ဘုံ၌ တပ်သော

mgyoe.com

mgyoe.com

လောဘ။ (၂) ဘဝေါဃ–ရူပ၊ အရူပဘုံတို့၌တပ် မက်သောလောဘ။ (၃) ဒိဋ္ဌောဃ –မှားသော မိစ္ဆာအယူ၊ ဒိဋ္ဌိစေတသိက်။ ၄။အဝိဇ္ဇောဃ– သစ္စာအမြင်ဉာဏ်ကို ပိတ်ဆည်းသောမောဟ။

သံသရာစက် = စက်လည်ပတ်သကဲ့သို့ဘဝ အစဉ်အဖန်တလဲလဲ လည်ပတ်ဖြစ်ပျက်နေခြင်း။

ဝဲဂယက် = နှစ်မွန်းစေသောရေပြင်၌ ဝဲလည်ကာ ဂယက်လှိုင်းထနေခြင်း။

အဏ္ဏဝါဂယက်သြဃနက် = နှစ်မွန်းစေသောရေဝဲကြီး။

ပဉ္စတာလီဝါဝဿီ = ၄၅ ဝါကာလပတ်လုံး။

မဂ်ဆီညွှစ် = မဂ္ဂင်ရှစ်ပါး တရားမွန်တို့ကိုဟောပြမှု။

## အပိုဒ် (၉) ချက်ဆစ်အဖြေ

ဝေနေယျာ = ကျွတ်ထိုက်သည့် သတ္တဝါ။

ခေမာအောင်မြို့ = ဘေးဒုက္ခကုန်ရာ ငြိမ်းရာနိဗ္ဗာန်။

ဒေသနာရေအေး = ရေကဲ့သို့အေးမြသည့်တရား။ မြတ်စွာဘုရား ဟောကြားသည့်တရားတော်။

အမြိုက် = သေခြင်းကင်းသော၊ ငြိမ်းချမ်းသော အမြိုက်နိဗ္ဗာန်။

လောကသုံးရပ် = (၁) ဩကာသလောက–သတ္တဝါဟူသမျှတို့၏ မှီတင်းနေထိုင်ရာ '၃၁' ဘုံ၊ ရေမြေ တောတောင် ကောင်းကင်။ (၂) သတ္တလောက– ထို ၃၁ ဘုံ၌လှည့်လည်ဖြစ်ပျက်ကာ ချမ်းသာ ဆင်းရဲဒွန်တွဲရောထွေးလျက်နေကြရသော သက်ရှိသတ္တဝါဟူသမျှ။ (၃) သင်္ခါရလောက–ထို ၃၁ ဘုံနှင့်တကွ သက်ရှိသက်မဲ့ အားလုံးသော သတ္တလောက၊ ဩကာသလောကတို့ကိုဖြစ်မှု၊ ပျက်မှု အို နာ သေမှုစသော အမျိုးမျိုးအဖုံဖုံဖြင့် စီမံဖန်တီးပြောင်းလဲပြုပြင်ပေးနေသောသဘောတရား၊ တစ်နည်း–လောကီ၊ စိတ်၊ စေတသိက်၊ ရုပ်တရားစုများ။ (၃၁ ဘုံဟူသည်မှာ လူ့ပြည်၊ နတ်ပြည် ခြောက်ထပ်၊ ဗြဟ္မာနှစ်ဆယ်နှင့် အပါယ်လေးဘုံတို့ဖြစ်၏) (အပါယ်လေးဘုံမှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တို့ဖြစ်၏)

## အပိုဒ် (၁၀) ချက်ဆစ်အဖြေ

မဟာဘဒ္ဒကမ္ဘာမ = ဘုရားငါးဆူပွင့်တော်မူသည့်ကမ္ဘာကြီး၊ ဘဒ္ဒကမ္ဘာ။

သယမ္ဘူ = တရားကိုကိုယ်တိုင် သိတော်မူသော။

အရဟတ္တဖိုလ် = ဖိုလ်လေးပါးတွင် စတုတ္ထဖြစ်သောဖိုလ်။

ဉေယျငါးအင် = သဗ္ဗညုတဉာဏ်ဖြင့်သိအပ်သော တရားငါးပါး။ သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန်၊ ပညတ်။

mgyoe.com